# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက် | ၂၀၁၅ ခုနှစ်၊ မေ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ [၅၄]၊ အမှတ် [၂၂၇]


**အေးစေ မြဲစေ မေတ္တာရေ**

❖ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရှာသုံး၊
❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
❖ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း၊
❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

“ နို့ထွက်ပစ္စည်းနှင့် သားငါးထုတ်လုပ်မှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး ”

စာမျက်နှာ » ၃



**ယနေ့ မာတိကာ**


ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လပ်အား ပင်လယ်ရပ်ခြား သွားလာခွင့်ပိတ်ပင် — စာ ၄

တယ်လီဖုန်းပြောဆိုသည့် ဝန်ဆောင်မှုအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခြင်း — ဆောင်းပါး — စာ ၁၀

ချင်းတွင်းမြစ်ရေ ကျဆင်းမှုကြောင့် ရေကြောင်းသွားလာမှု တစ်နှစ်ထက်တစ်နှစ် ခက်ခဲလာ — စာ ၁၄


# ရွှေ့ပြောင်းအခြေချသူများ၊ ပင်လယ်တွင်းလှေစီးဒုက္ခသည်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏သဘောထားနှင့်ဆောင်ရွက်နေမှုအခြေအနေ

၁။ လတ်တလော နိုင်ငံတကာသတင်းများတွင် ကပ္ပလီပင်လယ်နှင့်မလက္ကာရေလက်ကြားတို့၌ဖြစ်ပေါ်လျက်ရှိသည့် ရွှေ့ပြောင်းအခြေချလိုသူများ၊ ပင်လယ်တွင်းလှေစီးဒုက္ခသည်များကိစ္စနှင့်ပတ်သက်၍ ဖော်ပြလျက်ရှိပါသည်။ ယင်းသတင်းများအပေါ် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ထပ်တူစိုးရိမ်မှုများရှိကြောင်း ဖော်ပြအပ်ပါသည်။ ဤသတင်းများကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံအနေဖြင့်ဒေသအတွင်း လူမှောင်ခိုကူးမှုနှင့်တရားမဝင် ရွှေ့ပြောင်းသွားလာမှုများ၊ အကျိုးဆက်အဖြစ် သာမန်အပြစ်မဲ့လူများ အတိဒုက္ခနှင့် အသက်ဘေးအန္တရာယ်များကြုံတွေ့ရမည်ကို များစွာစိုးရိမ်ပါသည်။

၃။ သို့ဖြစ်၍ လူမှောင်ခိုကူးမှုနှင့်တရားမဝင် ရွှေ့ပြောင်းသွားလာမှုများကို ကာကွယ်တားဆီးရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ချက်တစ်ရပ်မှာ မိမိနိုင်ငံ၏ ရေပိုင်နက်အတွင်းဖြတ်သန်းသွားလာမှုမရှိစေရေး၊ ဤသို့ ဖြတ်သန်းသွားလာခြင်းကြောင့် ပင်လယ်ပြင်အတွင်း အတိဒုက္ခမရောက်စေရေးအတွက် မြန်မာ့တပ်မတော် (လေ)နှင့် မြန်မာ့တပ်မတော် (ရေ)တို့အနေဖြင့် မိမိပိုင်နက်ရေပြင်အတွင်း ပုံမှန်ကင်းလှည့်ရှာဖွေမှုများ ပြုလုပ်လျက်ရှိပါသည်။ ပင်လယ်ပြင်အတွင်း အတိဒုက္ခရောက်သူများတွေ့ရှိပါကလည်း ကူညီရန်အသင့်ရှိပါသည်။

၄။ လူမှောင်ခိုကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုများကို တားဆီးသည့်လုပ်ငန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပင်လယ်ရေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ်မှ တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ မရှိစေရေးအတွက်လည်း ရခိုင်ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဒေသတွင်တရားဥပဒေစိုးမိုးရေးသည် များစွာအရေးပါသည့်အလျောက် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လုံခြုံမှုရှိရေးကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံအနေဖြင့် လူမှောင်ခိုကူးခြင်း၊ လူကုန်ကူးခြင်းနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ဒေသတွင်းယန္တရားတစ်ရပ်ဖြစ်သည့် ဘာလီလုပ်ငန်းစဉ်အတိုင်း ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လူမှောင်ခိုကူးမှုကြောင့် အတိဒုက္ခရောက်သူများ တွေ့ကြုံရသည့် ဒုက္ခများကို လျော့ပါးသက်သာစေရန် လူသားချင်းစာနာထောက်ထားမှု ရှုထောင့်မှ နိုင်ငံတကာနှင့်ပူးပေါင်း၍ ဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်**

# သာကေတတံတားသစ် ဂျပန်ကတည်ဆောက်မည်


မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် သာကေတတံတားသစ် ပုံစံငယ်။

သတင်း-ဝေယံဦး ➢ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် မေ ၁၉**

မြန်မာ-ဂျပန်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်အဖြစ် ဂျပန်ပြည်သူများကလှူဒါန်းသည့် သာကေတတံတားသစ်တည်ဆောက်ရေး ပန္နက်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ တံတားတည်ဆောက်မည့် စီမံကိန်းနေရာတွင် ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ က ကျင်းပသည်။

“သာကေတတံတားသစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနကကြီးကြပ်ပြီး Consultant အဖြစ် ဂျပန်နိုင်ငံ Nippon Koei Co.,Ltd. မှဆောင်ရွက်ကာ တံတားတည်ဆောက်ရေးအပိုင်းကို စာမျက်နှာ ၁၀ ကော်လံ ၁ ❋




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သားငါးထုတ်လုပ်မှုမြင့်မားလာမည်

လူဦးရေတိုးတက်လာသည်နှင့်အမျှ အစာအာဟာရဖူလုံမှုတစ္စာစားသုံးနိုင်ရေး လိုအပ်ချက်သည်လည်း မြင့်မားလာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ကိုင်နေသကဲ့သို့ သားငါးထုတ်လုပ်မှုကိုလည်း တစ်နှစ်ထက်တစ်နှစ်မြင့်တင်သွားရန် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းစားသုံးမှုမှ ပိုလျှံသော စိုက်ပျိုးရေးထုတ်ကုန်များနှင့် သားငါးတို့ကိုလည်း ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင် (အသားကဏ္ဍ) စီမံကိန်းအတွက် ရန်ပုံငွေကျပ် ၃ ဒသမ ၉ ဘီလီယံခွဲဝေရရှိပြီး တစ်ရွာလျှင်ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာပေါင်း ၁၃၀ တွင်လည်းကောင်း၊ ငါးကဏ္ဍကို ခွင့်ပြုချထားငွေကျပ်သန်း ၃၉၀၀ ကိုအသုံးပြု၍ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီဖြင့် ကျေးရွာ ၁၃၀ တွင်လည်းကောင်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝနှင့်ဝင်ငွေတိုးတက်လာစေရေးအတွက် တစ်ခရိုင်လျှင်ကျေးရွာတစ်ရွာ၊ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် မွေးမြူရေးကျေးရွာများ ဖွဲ့စည်းဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။

တစ်ဖန်၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငါးစားသုံးမှုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငါးမွေးမြူသူတောင်သူများအတွက် လိုအပ်သည့် ငါးသားပေါက်များကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်ရည်ရွယ်၍ တစ်ပိုင်တစ်နိုင် ငါးသားပေါက်စခန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် သားပေါက်စခန်းတစ်ခုလျှင်ငွေကျပ် ၁၀ သိန်းနှုန်းစီဖြင့် ငါးသားပေါက်စခန်း စုစုပေါင်း ၆၀ ကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရပါသည်။

အမှန်စင်စစ်ဤစီမံကိန်းများ တိုးတက်အောင်မြင်အောင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံရုံမက ပြည်ပတင်ပို့မှုများအထိ အဆင့်မြှင့်တင်သွားနိုင်မည်ဖြစ်ပါသည်။ မျက်မှောက်ခေတ်သည် သဘာဝအရင်းအမြစ်များကို အားထားနေရာမှ လူတို့၏အစီအမံဖြင့်ဆောင်ရွက်သည့်အရင်းအမြစ်များကို ပြောင်းလဲဆောင်ရွက်သောခေတ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ငါးများကို သဘာဝအင်းအိုင်၊ ချောင်း၊ မြောင်းများမှရရှိနိုင်သောအရင်းအမြစ်မှ မွေးမြူထုတ်လုပ်သောပုံစံသို့ ပြောင်းလဲနေပြီဖြစ်ပါသည်။ သို့ပါ၍ ကျေးလက်အခြေခံပြီးအသားနှင့် ငါးကိုထုတ်လုပ်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ၏သားငါးထုတ်လုပ်မှုကဏ္ဍသည်လည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။

# ဒုတိယရှေ့နေချုပ်နှင့် ရုရှားနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၉**

ရုရှားနိုင်ငံ သံအမတ်ကြီး Mr. Vasily Pospelov သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမ၌ မေ ၁၅ ရက်က ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအား လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာ၌ ရုရှားသံအမတ်ကြီးက မြန်မာနှင့် ရုရှား နှစ်နိုင်ငံအကြား ဥပဒေရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် MoU နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေများအား သိရှိလိုကြောင်း၊ အခြားနိုင်ငံများနှင့် MoU စာချုပ်များချုပ်ဆိုရာတွင် မည်သည့်ဘာသာစကားများကို စစ်မှန်မှုအဖြစ် ထားရှိသည်ကို သိရှိလိုကြောင်း၊ မည်သည့်သဘောတူစာချုပ်၊ MoU များကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသည်ကိုသိရှိလိုကြောင်း စသည်ဖြင့် မေးမြန်းဆွေးနွေးသည်။

ဒုတိယရှေ့နေချုပ်က မြန်မာနိုင်ငံ၏ ဥပဒေစနစ်အရ အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ ဒေသဆိုင်ရာစာချုပ်များ၊ နိုင်ငံအချင်းချင်း ချုပ်ဆိုသည့် စာချုပ်များ၊ နားလည်မှုစာချွန်လွှာ MoU များ ချုပ်ဆိုရာတွင် ကျင့်သုံးဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ အသေးစိတ်ပြန်လည်ဆွေးနွေးကာ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘေးအန္တရာယ်ကင်းရှင်းရေး သဲစုပ်စက်လှေများတားဆီးပေး

**ထင်သာမြင်သာပြုပြင်စရာ**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်တစ်ဖက် ကမ်းဖြတ်ကူးရသော လှိုင်မြစ်(ရန်ကုန်မြစ်) အတွင်း၌ သဲစုပ်စက်လှေများသည် အုံလိုက်၊ ကျင်းလိုက် အုပ်စုဖွဲ့ကာ သဲများစုပ်ယူနေခြင်းကြောင့် ခရီးသည်တင်စက်တပ်ရေယာဉ်များမှာ ငှက်ပျောဒိုက်အမှိုက်များကို ရှောင်ရသည့်ကတစ်မျိုး၊ သဘော်အထပ်တွဲများကြားမှ အန္တရာယ်ကို သတိထားမောင်းရသည်ကတစ်ဖုံ၊ ယခုလို အုပ်စုဖွဲ့ သဲစုပ်စက်လှေများ၏ ရေလမ်းကြောင်းပိတ်ဆို့မှုတို့ကို ဝေ့ဝိုက်မောင်းနေရသည်ကတစ်သွယ် အန္တရာယ်များကြားမှ မောင်းနှင်နေရပါကြောင်း သိရသည်။



ခရီးသွားပြည်သူတချို့က ဤသဲစုပ်စက်လှေတွေမှာ အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း၊ သဲစုပ်သည့်နေရာတွင် ကျောက်ကြိုးများကို အရှည်ကြီးလန်ထားကြပြီး အချို့သဲစုပ်စက်လှေများမှာ သက်ဆိုင်ရာ တာဝန်ရှိသူတို့ပြောဆိုသည့်အခါ ပြန်လည်ခြိမ်းခြောက်မှုများရှိနေကြောင်း၊ ပြည်သူများကို မထီမဲ့မြင် ပြုလုပ်နေကြောင်း၊ ထို့အပြင်သဲစုပ်မည့်နေရာ သတ်မှတ်ချက်ထက် ကမ်းနားအထိ တိုးကပ်စုပ်ယူနေခြင်းကြောင့် သက်ဆိုင်ရာက အရေးယူပေးသင့်ပါကြောင်း၊ သဲစုပ်စက်လှေများမှာ ခရီးသည်စက်တပ်ရေယာဉ်များ သွားလာရေးကို များစွာအနှောင့်အယှက် အန္တရာယ်ဖြစ်စေခြင်းကြောင့် သက်ဆိုင်ရာ အာဏာပိုင်များက ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ပေးသွားစေလိုကြောင်း၊ စက်တပ်ရေယာဉ်ကို နေ့စဉ်စီးနင်းကြသူများမှာ ကျောင်းသားကျောင်းသူ၊ ကျောင်းဆရာများနှင့် ဝန်ထမ်းများဖြစ်ရာ ဘေးအန္တရာယ်ကင်းဝေးအောင် သဲစုပ်စက်လှေများကို ဟန့်တားအရေးယူကြပ်မတ်ပေးစေလိုကြောင်း ပြောသည်။ **ရွှေတိုင်လွင်**




# တရားလွှတ်တော် တရားသူကြီး တရားရုံးနှင့် အချုပ်ခန်းများ စစ်ဆေး

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးလှအေးသည် မေ ၁၇ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ရွှေပြည်သာမြို့နယ် တရားရုံးသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ တရားရုံးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ တရားသူကြီးသည် ရွှေပြည်သာမြို့မရဲတပ်ဖွဲ့စခန်းသို့သွားရောက်၍ အချုပ်သား၊ အချုပ်သူများနေထိုင်စားသောက်ရေး၊ ကျန်းမာရေးစသည့်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၅-၂၀၁၅

**ရွှေဈေးနှုန်း**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(ပြင်ပပေါက်ဈေး)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၂-၁၁၁၈ |
| ဥရောပ | တစ်ယူရို | ၁၂၅၅-၁၂၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၅-၈၄၃ |
| ထိုင်း | တစ်ဘတ် | ၃၃.၅-၃၃.၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇-၁၇.၅ |
| တရုတ် | တစ်ယွမ် | ၁၇၄-၁၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄-၃၀၈ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၉၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၄၅၀-၂၅၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၇၀-၆၆၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၂၀-၁၀၅၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ ရိုက်တင်ပြသည်။**

# မြန်မာ့စိုက်ပျိုးရေးနှင့် မွေးမြူရေးပို့ကုန်များ တိုးမြှင့်နိုင်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယ်သာလန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mrs Sharon Dijksma ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦး၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများတွင် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ အကူအညီပေးရေး၊ သစ်သီးပန်းမန်၊ နို့ထွက်ပစ္စည်းနှင့် သားငါးထုတ်လုပ်မှုကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အရည်အသွေးထိန်းသိမ်းနိုင်ရေး၊ မြန်မာ့စိုက်ပျိုးရေးနှင့် မွေးမြူရေးပို့ကုန်များ တိုးမြှင့်နိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံအကြား သတ္တုနှင့်အခြားကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းရှာဖွေဆွေးနွေး

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လွှန်ဒက်ပါရက်ဆူရမ်၏ဖိတ်ကြားချက်အရ မွန်ဂိုလီးယားနိုင်ငံသို့ မေ ၁၄ ရက်မှ ၁၇ ရက်အထိ တရားဝင်အလည်အပတ်ခရီး သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်ဂိုလီးယားနိုင်ငံခရီးစဉ်အတွင်း မေ ၁၅ ရက် ဒေသစံတော်ချိန် ၂ နာရီခွဲတွင် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျဇတ်ဟီးလ်ယာဒ်အား လည်းကောင်း၊ ဒေသစံတော်ချိန် ၁၂ နာရီတွင် မွန်ဂိုလီးယားဝန်ကြီးချုပ် မစ္စတာ ချင်မီစိုက်ခန်ဘီးလဒ်အား လည်းကောင်း နိုင်ငံတော်ဂေဟာ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် မွန်ဂိုလီးယားခေါင်းဆောင်များက မြန်မာနိုင်ငံ၌ အကောင်အထည်ဖော် ဆောင်လျက်ရှိသည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆက်လက်အောင်မြင်တိုးတက်မှုရရှိစေရန် မြန်မာအစိုးရနှင့် မြန်မာပြည်သူများအား ဆက်လက်ထောက်ခံ အားပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

မေ ၁၅ ရက် နံနက်ပိုင်းတွင် မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ လွှန်ဒက်ပါရက်ဆူရမ်နှင့် တွေ့ဆုံဆွေးနွေးသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနှင့် မွန်ဂိုလီးယား နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး နှစ်ဖက်စိတ်ပါဝင်စားသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ညနေပိုင်းတွင် မွန်ဂိုလီးယား နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လွှန်ဒက်ပါရက်ဆူရမ်က ပြည်ထောင်စုဝန်ကြီးအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မေ ၁၅ ရက် နေ့လယ်တွင် မွန်ဂိုလီးယားနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရန့်ဆန်ဒူးဂျစ်ဂျစ်က ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား Central Tower ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ နေ့လယ်စာသုံးဆောင်စဉ် ဝန်ကြီးနှစ်ဦးသည် နှစ်နိုင်ငံအကြား သတ္တုတွင်းကဏ္ဍနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် နည်းလမ်းများရှာဖွေသွားရန် ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်ဂိုလီးယားနိုင်ငံ၊ အထွေထွေရွေးကောက်ပွဲကော်မတီဥက္ကဋ္ဌ မစ္စတာ ဆိုန္ဒန်ဆာရမ်နှင့်လည်း မေ ၁၅ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ကော်မတီဥက္ကဋ္ဌ၏ရုံး၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ မကြာမီ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍ သမာသမတ်ကျသော ရွေးကောက်ပွဲတစ်ခု ဖြစ်လာစေရေးအတွက် ရွေးကောက်ပွဲကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်အဖွဲ့သည် မွန်ဂိုလီးယားသို့ရောက်ရှိစဉ် ခန်တီးခရိုင်သို့ သွားရောက်ကာ နာဒမ်းခေါ် မွန်ဂိုးလီးယားရိုးရာမြင်းပြိုင်ပွဲနှင့် နပန်းပွဲများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံခြားသားတစ်ဦး ကျကျန်နေသောကင်မရာတစ်လုံးကို ပြန်လည်အပ်နှံပေး

**မကွေး မေ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်သို့ နိုင်ငံအသီးသီးမှ ခရီးသွားလည်ပတ်လေ့လာသူများ ခရီးစဉ်အမျိုးမျိုးဖြင့် လာရောက်လျက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မေ ၁၇ ရက် မွန်းတည့် ၁၂ နာရီက တာဝန်သိပြည်သူတစ်ဦးက CASIO အမျိုးအစားအနက်ရောင် ကင်မရာတစ်လုံး ကောက်ယူရရှိခဲ့သဖြင့် မကွေးမြို့ မြို့မရဲစခန်းသို့ လာရောက်အပ်နှံပေးခဲ့သည်။ ထိုစခန်းမှူးက ကင်မရာအတွင်းရှိ ဓာတ်ပုံများကို ဖွင့်လှစ်စစ်ဆေးရာ ပုဂံ-ညောင်ဦးတစ်လျှောက် ရိုက်ကူးမှတ်တမ်းတင်ထားရှိသောပုံများနှင့် နိုင်ငံခြားသားတစ်ဦး၏ ဓာတ်ပုံများပါဝင်နေသည်ကိုတွေ့ရသဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်ဌေးလွင်ကိုတာဝန်ပေးအပ်ပြီး နိုင်ငံခြားသားများ တည်းခိုနိုင်သော ဟိုတယ်၊ တည်းခိုခန်းများကို စုံစမ်းစေခဲ့ရာ မကွေးမြို့ နတ်မောက်လမ်းရှိ Rolex တည်းခိုခန်းအမှတ်(၀၅) ၌ ရောက်ရှိတည်းခိုနေသော ပြင်သစ်နိုင်ငံသား Mr.Bae Santonie Juline ဖြစ်ကြောင်းသိရသဖြင့် ယင်းနေ့ညနေ ၄ နာရီက ပျောက်ဆုံးနေသော ကင်မရာကို အဆိုပါတည်းခိုခန်း၌ တာဝန်သိစွာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# အမျိုးသားသတင်းဆုပေးပွဲအခမ်းအနား ကျင်းပမည်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA)က ကြီးမှူး၍ တတိယအကြိမ် အမျိုးသားသတင်းဆုပေးပွဲအခမ်းအနားကို မေ ၃၁ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသားသတင်းဆုပေးပွဲအခမ်းအနားတွင် သတင်းသူရဲကောင်းဆု၊ သတင်းကာတွန်းဆု၊ သတင်းဓာတ်ပုံဆုနှင့် သတင်းရုပ်သံဆုတို့ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# မျိုးသန့် စိုက်ပျိုးထုတ်လုပ်ရေး အသိပညာပေး

**မိုးမောက် မေ ၁၉**

ကချင်ပြည်နယ်မိုးမောက်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၅ ရက် နံနက်က ဒေသနှင့်ကိုက်ညီသော ဆင်းဧကရီ(၃) မျိုးသန့် (Rs) အဆင့်ကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ၁၁ ဦးအား ပေးအပ်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတောက်ထွန်းက စိုက်ပျိုးရေးဆိုင်ရာများနှင့် စပါးမျိုးကောင်းမျိုးသန့်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# Public Digital Library Service စက်များတွင် ထည့်သွင်းအသုံးပြုရန် ဝတ္ထု၊ သုတ၊ ရသ၊ ကာတွန်း၊ စာအုပ်စာစောင်များ၏ Electronic Version များ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာ

**နေပြည်တော် မေ ၁၉**

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စာကြည့်တိုက်များ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် လူစည်ကားရာနေရာများ (သင်္ဘောဆိပ်၊ လေဆိပ်၊ ဘူတာရုံ၊ ကားဂိတ်၊ ဆေးရုံ၊ တက္ကသိုလ်) စသည်တို့တွင် Laptop များ၊ Mobile Phone များ၊ Tablet များဖြင့် Wifi စနစ်ကိုအသုံးပြု၍ အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Public Digital Library Service ( PDLS) စက်ကို စာအုပ် ၇၁၂၅ အုပ် ပါဝင်သော စက်စုစုပေါင်း အလုံးရေ ၆၀၀ အား ဝယ်ယူတပ်ဆင်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးမှ မြို့နယ်အသီးသီးရှိ လူစည်ကားရာနေရာများတွင် ပြည်သူများအနေဖြင့် စာပေဗဟုသုတများ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်အတွက် Public Digital Library Service စက် အလုံး ၂၀၀ ကို ထပ်မံတပ်ဆင်ဆောင်ရွက်ပေးသွားရန်ရှိပြီး စာဖတ်ရှုလေ့လာသူများအနေဖြင့် မိမိတို့ကိုယ်တိုင် လေ့လာဖတ်ရှုရန်အတွက်သာ အသုံးပြုပါရန် (Fair Use ) နှင့် တစ်ဆင့်ဖြန့်ဝေခြင်း၊ ကူးယူပုံနှိပ်ထုတ်ဝေခြင်း၊ တစ်ဆင့် ဖြန့်ဖြူးရောင်းချခြင်းတို့မပြုရန် မေတ္တာရပ်ခံဖော်ပြသွားမည်ဖြစ်ပါသည်။

၃။ ပြည်သူများ စာပေဗဟုသုတ အလွယ်တကူဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်၍ စာရေးဆရာကြီး၊ ဆရာမကြီးများအနေဖြင့်လည်းကောင်း၊ စာပေထုတ်ဝေသူများအနေဖြင့်လည်းကောင်း စာအုပ် Electronic Version (Soft Copy-PDF)များကို လှူဒါန်းမှုပြုလုပ်နိုင်ပါရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ဌာနခွဲ (ရန်ကုန်) ဦးစန်းဝင်း(စာတည်းမှူး) ဖုန်း- ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂ အမှတ် (၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် စာအုပ်များ၏ Electronic Version များကို စာရေးဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ရောင်းချလိုပါကလည်း ရောင်းချနိုင်မည့် မျှော်မှန်းဈေးနှုန်းဖော်ပြ၍ အဆိုပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ရောင်းချနိုင်ပါကြောင်း ရိုသေလေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# ကိုလံဘီယာအနောက်မြောက်ပိုင်းတွင် မြေပြိုမှုကြောင့် လူ ၄၀ ထက်မနည်းသေဆုံး



**ဘိုဂိုတာ မေ ၁၉**

ကိုလံဘီယာ အနောက်မြောက်ပိုင်းရှိ ဆယ်ဂါဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ရာမှ လူ ၄၀ ထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်းများစွာ ပျောက်ဆုံးခဲ့သည်ဟု ဒေသ အာဏာပိုင်များက ပြောသည်။

ဒေသအာဏာပိုင် တစ်ဦးဖြစ်သူ Zulma Osorio ကလူ ၄၀ ကျော် သေဆုံးခဲ့ပြီး မိသားစုပေါင်းများစွာ ပြောင်းရွှေ့နေရာချထားပေးခဲ့ရကြောင်း ဒေသတွင်းမီဒီယာများကို ပြောခဲ့သည်။ သေဆုံးသူအရေအတွက်နှင့် ပျက်စီးဆုံးရှုံးမှုများမှာ မြင့်တက်လာနိုင်ကြောင်း မိသားစုပေါင်းများစွာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အာဏာပိုင်များက သတိပေးခဲ့သည်။

ကိုလံဘီယာသမ္မတ Juan Manuel ကအစိုးရအနေဖြင့် မြေပြိုမှုကြောင့်ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ကူညီရန် အရေးပေါ်စီစဉ်ထားကြောင်း ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ပြောခဲ့သည်။ ထိခိုက်ခံခဲ့ရသူများအားလုံးကို ကူညီထောက်ပံ့မည်ဟုလည်း ၎င်းက ပြောခဲ့သည်။ **(ဆင်ဟွာ)**

# ထိုင်းဝန်ကြီးချုပ်ဟောင်းရင်လပ်အား ပင်လယ်ရပ်ခြားသွားလာခွင့်ပိတ်ပင်



**ဗန်ကောက် မေ ၁၉**

ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လပ်ရှင်နာဝပ်အား ၎င်း၏အမှုကို စတင်စစ်ဆေးသည့် အင်္ဂါနေ့မှာပင် ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ ခရီးသွားရောက်ခွင့်ကို ပိတ်ပင်လိုက်သည်။

ပြီးခဲ့သည့် တစ်နှစ်အကြာက ရင်လပ်အား ထိုင်းတရားရုံးတော်က အာဏာအလွဲသုံးမှုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည့်နောက် ရာထူးမှထုတ်ပယ်ခဲ့သည်။ ရက်သတ္တပတ်အနည်းငယ်အကြာတွင် ထိုင်းတပ်မတော်က အာဏာသိမ်းခဲ့သည်။

ရင်လပ်ကို လာဘ်စားမှု ဆန့်ကျင်တိုက်ဖျက်ရေး အာဏာပိုင်များက ဒေါ်လာ ဘီလီယံများစွာကုန်ကျခဲ့သည့်ဟု နေသောဆန်စပါး ထောက်ပံ့ကြေးစီမံချက်တွင် ၎င်းအား တာဝန်ဝတ္တရား တမင်ပျက်ကွက်ခဲ့မှုဖြင့် တရားစွဲဆိုထားသည်။

ရင်လပ်အနေဖြင့် ၎င်းအားစွပ်စွဲထားသည့် ပြစ်မှုများအပေါ် ငြင်းဆန်လျက်ရှိပြီး အပြစ်ထင်ရှားကြောင်းတွေ့ရှိခဲ့လျှင် ထောင်ဒဏ် ၁၀ နှစ်နှင့်အထက် ကျခံရဖွယ်ရှိနေသည်။ အင်္ဂါနေ့က တရားရုံးတော်အပြင်ဘက်တွင် ရင်လပ်ကိုထောက်ခံသူ လူ၂၀၀ ဝန်းကျင်ခန့် ရောက်ရှိလာခဲ့ကြသည်။

တရားရုံးတော်က ၎င်းအား ပင်လယ်ရပ်ခြား သွားလာခွင့်ပိတ်ပင်လိုက်ပြီး ဘတ်ငွေ သန်း ၃၀ (ဒေါ်လာ ၈၉၉၂၈၀)ကို အာမခံကြေးပေးဆောင်ရန် သဘောတူထားသည်။ လာမည့် ဇူလိုင် ၂၁ ရက်တွင် နောက်ထပ်ရုံးတင် စစ်ဆေးမှု ပြုလုပ်မည်ဖြစ်သည်။

ဥပဒေပြုလွှတ်တော်က ရင်လပ်အား ၎င်းတာဝန်ယူသည့် ဆန်စပါးထောက်ပံ့ကြေးစီမံကိန်းတွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ပြီးနောက် ဇန်နဝါရီလတွင် နိုင်ငံရေး လှုပ်ရှားခွင့် တရားဝင်ပိတ်ပင်ခဲ့သည်။

အဆိုပါစီမံချက်က တောင်သူလယ်သမားများအား ပေါက်ဈေးတန်ဖိုးထက်ပို၍ စပါးဖိုးငွေကို ပေးချေခဲ့ရာ နိုင်ငံ့ဘဏ္ဍာငွေ ဘီလီယံများစွာ ဆုံးရှုံးစေခဲ့သည်ဟု ဆိုသည်။ ဘတ်ငွေ ၃၃ ဒသမ ၃၆၀၀ သည် တစ်ဒေါ်လာတန်ဖိုးနှင့်ညီမျှသည်။ **(ရိုက်တာ)**

# ရဟတ်ယာဉ်ပျက်ကျမှုကြောင့် အင်ဒိုနီးရှားသံအမတ်ကြီးသေဆုံး

**ဂျကာတာ မေ ၁၉**

ပါကစ္စတန်နိုင်ငံဆိုင်ရာအင်ဒိုနီးရှားသံအမတ်ကြီးသည် ပါကစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ဒဏ်ရာရရှိခဲ့ပြီး ၁၁ ရက်အကြာ အင်္ဂါနေ့တွင် သေဆုံးခဲ့ကြောင်း၊ အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် လူ ခုနစ်ဦးသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

၎င်းရဟတ်ယာဉ်သည် တောင်တန်းများထူထပ်သောဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Retro Marsudi က ဝန်ကြီးဌာနအနေဖြင့် အထူးချွန်ဆုံး သံအမတ်တစ်ဦး ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ ပါကစ္စတန်အစိုးရက ရဟတ်ယာဉ်ပျက်ကျရခြင်းမှာ အင်ဂျင်ချွတ်ယွင်းမှုကြောင့်ဖြစ်သည်ဟုဆိုခဲ့ပြီး ပါကစ္စတန်တာလီဘန်များကမူ စစ်သွေးကြွများက ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ အမ်အိုင် ၁၇ ရဟတ်ယာဉ်သည် စာသင်ကျောင်းအလွတ်တစ်ခုထဲသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

အသက် ၅၈ နှစ်အရွယ်ရှိ သံအမတ်ကြီး ဘာဟန်မိုဟာမက်သည် ဒဏ်ရာပြင်းထန်စွာရရှိစဉ် စင်ကာပူရှိ ဆေးရုံတစ်ခုတွင် ကုသမှုပြုလုပ်ပေးခဲ့သည်။ ၎င်း၏ရုပ်အလောင်းကို အင်္ဂါနေ့နှောင်းပိုင်းတွင် အင်ဒိုနီးရှားသို့ ပြန်လည်သယ်ဆောင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ **(ရိုက်တာ)**

# ပင်လယ်ကွေ့အတွင်း ရေကြောင်းထိပ်တိုက်ရင်ဆိုင်မှုများ အီရန်ပြုလုပ်လာ

**တီဟီရန် မေ ၁၉**

အီရန်ကြောင့် ဒေသတွင်းမတည်မငြိမ်ဖြစ်စေသည်ဟု စွပ်စွဲမှုများ ထွက်ပေါ်လာပြီးနောက် အမေရိကန်၏ အခိုင်အမာ မဟာမိတ် အာရပ်နိုင်ငံများကို ထိပ်တိုက်ရင်ဆိုင်ရန် ပင်လယ်ကွေ့အတွင်း အီရန်က ၎င်း၏ ရေတပ်အင်အားကို ပြသခဲ့သည်။

စင်ကာပူအလံတင်ထားသည့် ရေနံတင်သင်္ဘောတစ်စင်းကို အီရန်က ၎င်း၏ရေနံတူးစင်အား ဝင်တိုက်ခဲ့သည်ဟုဆိုကာ ရေတပ်သင်္ဘောများဖြင့်ပစ်ခတ်ခဲ့ပြီး ဟော်မုဇ်ရေလက်ကြားအတွင်း ကုန်သေတ္တာသင်္ဘောတစ်စင်းကိုလည်း ဖမ်းဆီးခဲ့သည်။

အဆိုပါ ဖြစ်ရပ်များသည် အီရန်နျူကလီးယား ခြိမ်းခြောက်မှုကြောင့် ပင်လယ်ကွေ့အာရပ် ဘုရင့်နိုင်ငံများအကျိုးစီးပွားကို ထိခိုက်စေနိုင်မည်မဟုတ်ဟု အမေရိကန်က အာမခံခဲ့ပြီးနောက် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ပွားခြင်း ဖြစ်သည်။

ဆော်ဒီအာရေဗျအနေနှင့် ယီမင်အပေါ် အရှိန်အဟုန်မြှင့်တိုက်ခိုက်ခဲ့ခြင်းအပေါ် အီရန်က ဝေဖန်ခဲ့သည်။ အီရန်၏ မဟာမိတ်နိုင်ငံအပေါ် ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအစိုးရ၏ တိုက်ခိုက်မှုသည် မဆင်မခြင် ရက်စက်သည့်လုပ်ရပ်ဖြစ်သည်ဟုဆိုသည်။

ညွန့်ပေါင်းအစိုးရ၏ ရေကြောင်းသွားလာပိတ်ဆို့ထားခြင်းခံရသော ယီမင်ဆိပ်ကမ်းသို့ အီရန်က အကူအညီပေးရေး သင်္ဘောများကိုစေလွှတ်ခဲ့သည်။ ဆော်ဒီဦးဆောင်တပ်ဖွဲ့များ၏ တိုက်ခိုက်ခြင်းခံရလျှင် စစ်ပွဲဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း အီရန်စစ်ဘက် အရာရှိများက သတိပေးပြောကြားခဲ့သည်။ **(ရိုက်တာ)**





# ယီမင်မြို့တော်ဆာနားကို ဆော်ဒီလေကြောင်းမှတိုက်ခိုက်

**ကိုင်ရို မေ ၁၉**

ဆော်ဒီဦးဆောင်တပ်ဖွဲ့များက ယီမင်မြို့တော်ဆာနားကို လေကြောင်းမှ ညလုံးပေါက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု ဒေသခံများကအင်္ဂါနေ့ကပြောသည်။

တနင်္ဂနွေနေ့က ငါးရက်တာ အပစ်ရပ်မှုပြီးဆုံးသွားပြီးနောက် မြို့တော်ကို လေကြောင်းမှ စတင်တိုက်ခိုက်ခြင်းဖြစ်သည်။ အေဒင်မြို့တော် တောင်ပိုင်းနှင့် ဆာဒါးနယ်မြေမြောက်ပိုင်းကို တနင်္လာနေ့ကတိုက်ခိုက်မှုများ ပြန်လည်စတင်ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနှင့် ၎င်း၏ ဆွန်နီမူစလင် မဟာမိတ်များက အီရန်မဟာမိတ်ဟူသီများကိုပြန်လည်ဆန့်ကျင်တိုက်ခိုက်ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသရှိ ဒုက္ခရောက်နေကြသော နိုင်ငံများ၏ လူပေါင်း ၂၅ သန်းအတွက်လူသားချင်းစာနာသည့် ကူညီထောက်ပံ့ မှုများပေးရန် ကုလသမဂ္ဂနှင့် အကူအညီပေးရေးအဖွဲ့များက မေတ္တာရပ်ခံထားသော်လည်း အပစ်အခတ် ရပ်စဲမှုကို အဆုံးသတ်ပြီးပြန်လည် စတင်တိုက်ခိုက်ကြခြင်းဖြစ်သည်။ **(ရိုက်တာ)**

# အမေရိကန်၏တိုက်ချင်းပစ်ဒုံးကျည် ကာကွယ်ရေးစနစ်

ထွန်းတောက်

အမေရိကန်ရဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်ဟာ အမိမြေကိုကာကွယ်ဖို့ ကမ္ဘာ့နေရာအနှံ့က အမေရိကန်စစ်စခန်းတွေကိုကာကွယ်ဖို့နဲ့ အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံတွေကို ဒုံးကျည်အန္တရာယ်က ကာကွယ်ပေးဖို့ ရည်ရွယ်ပါတယ်။ စစ်အေးတိုက်ပွဲကာလအတွင်းက အင်အားကြီးအမေရိကန်နဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ဟာ ရန်စောင်မာန်တင်းပြီး စစ်ခင်းရမယ့်အနေအထားမျိုးတွေ ရောက်ခဲ့ကြပေမယ့် စစ်မဖြစ်ရဲကြဘဲ ရှောင်ရှားခဲ့ကြပါတယ်။ ဒါဟာ နှစ်နိုင်ငံစလုံးမှာ နျူကလီးယားလက်နက်တွေရှိနေလို့ စစ်ဖြစ်ခဲ့ရင် အပြန်အလှန် ချေမှုန်းကြတာကြောင့် ကြေပြုန်းပျက်စီးခြင်းရောက်ရမယ်ဆိုတဲ့ အယူအဆ (Mutual Assured Destruction -MAD) ကြောင့် ရှောင်လွှဲနိုင်ခဲ့ကြတာပဲဖြစ်ပါတယ်။

စစ်အေးတိုက်ပွဲကာလအတွင်းမှာ အမေရိကန်ပင်တဂွန် စစ်ဌာနချုပ်ဟာ ဆိုဗီယက်တို့ရဲ့ တိုက်ချင်းပစ်ဒုံးကျည်တွေကိုကာကွယ်ဖို့ ဒုံးခွင်း ဒုံးစနစ်တွေစတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ၂၁ ရာစု အရောက်မှာ အမေရိကန်ကို ဒုံးကျည်တွေနဲ့ အန္တရာယ်ပေးနိုင်တဲ့နိုင်ငံတွေဟာ ရုရှားနိုင်ငံသာမကတော့ဘဲ၊ အီရန်၊ မြောက်ကိုရီးယားနဲ့ တရုတ်နိုင်ငံတို့ပါဝင်ပါတယ်လို့ ဆိုရမှာပါ။ ဒါကြောင့်လည်း အမေရိကန်ရဲ့ဒုံးကျည် ကာကွယ်ရေးရည်မှန်းချက်တွေထဲမှာ ဒီနိုင်ငံရဲ့ ဒုံးကျည်ကာကွယ်ရေးကို ထည့်သွင်းရပြန်ပါတယ်။

လက်ရှိအခြေအနေမှာ မြောက်ကိုရီးယားရဲ့ ခြိမ်းခြောက်မှုတွေရှိနေတာကြောင့် ပင်တဂွန်စစ်ဌာနချုပ်ဟာ ဒုံးကျည်နှင့် ဒုံးစနစ်တွေကို အမေရိကန်အနောက်ဘက်ကမ်းခြေမှာဖြန့်ကြက်ထားကြောင်း ၂၀၁၃ ခုနှစ် မတ်လက ကြေညာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းကဆိုရင် ဥရောပမှာဒုံးကျည်ကာကွယ်ရေးစနစ်တွေ ဖြန့်ကြက်ဖို့ ကြိုးစားခဲ့ပါသေးတယ်။



တာလတ်ပစ် အမြင့်ပျံဒုံးကျည်များကို ပစ်ခွင်းနိုင်သည့် THAAD ဒုံးကျည်ကာကွယ်ရေးစနစ်သုံး ဒုံးကျည်။ (Photo-WIKIPEDIA)

**တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေး**

ကီလိုမီတာ ၅၅၀၀ အထက် ပစ်ခတ်နိုင်တဲ့ဒုံးကျည်ကိုတိုက်ချင်းပစ်ဒုံးကျည်လို့ သတ်မှတ်ပါတယ်။ ဒီဒုံးကျည်မှာ အဆင့်သုံးဆင့်ပါရှိပါတယ်။ ပထမအဆင့်က ဒုံးပျံကြီးတစ်ခုလုံးကို တွန်းတင်တဲ့အဆင့်၊ ဒုတိယအဆင့်က လိုရာပစ်မှတ်စီ ဒုံးကျည်ကို သယ်ဆောင်ပေးတဲ့အဆင့်နဲ့ တတိယအဆင့်က ဒုံးကျည်သယ်ဆောင်လာတဲ့ ထိပ်ဖူး ပစ်မှတ်အပေါ် ကျရောက်ပေါက်ကွဲစေတဲ့အဆင့်ပဲ ဖြစ်ပါတယ်။

ဒီလိုအဆင့် သုံးဆင့်ပါတဲ့ တိုက်ချင်းပစ်ဒုံးကျည်နဲ့ ပစ်ခတ်လိုက်တာကို ကြားဖြတ်ဟန့်တားတိုက်ခိုက်ရာမှာ အဆင့်လေးဆင့်ရှိပါတယ်။ ပထမအဆင့်က ဒုံးကျည်ပစ်လွှတ်လိုက်တာကို ချက်ချင်းသိရှိဖို့၊ ဒုတိယအဆင့်ကတိုက်ချင်းပစ်ဒုံးကျည်ကိုခွဲခြားသိရှိဖို့၊ တတိယအဆင့်က ဟန့်တားရမယ့်နေရာနဲ့ အဆင့်သတ်မှတ်ဖို့နဲ့ စတုတ္ထအဆင့်က ဒုံးကျည်သယ်ဆောင်လာတဲ့ ထိပ်ဖူးကိုကြားဖြတ်ဖျက်ဆီးတဲ့အဆင့်ပဲဖြစ်ပါတယ်။ ဒုံးခွင်းဒုံးစနစ်ကို စနစ်တကျ တီထွင်ထုတ်လုပ်နေကြပေမယ့် စမ်းသပ်မှုရလဒ်တွေက ပြတ်သားမှုများ မရှိသေးပါဘူး။

**အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်သမိုင်း**

အမေရိကန်လေတပ်ဖွဲ့ဟာ ၁၉၄၆ ခုနှစ်မှာ ရှေ့ပြေးဒုံးကျည်ကာကွယ်ရေးလက်နက်နှစ်မျိုးကို သုတေသနပြု စမ်းသပ်ခဲ့ပါတယ်။ ၁၉၅၀ ပြည့်လွန်နှစ်များအလယ်လောက်မှာ အမေရိကန်စစ်ဌာနချုပ်ဟာ ဆိုဗီယက်တို့က တိုက်ချင်းပစ်ဒုံးကျည်တွေနဲ့ တိုက်ခိုက်လာမယ့် အန္တရာယ်ကိုကာကွယ်ဖို့ ဒုံးခွင်းဒုံးစနစ်တွေကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

ဒုံးခွင်းဒုံးလက်နက်စနစ်တွေကိုစမ်းသပ်ဖော်ထုတ်ရာမှာ အမေရိကန် ကြည်းတပ်၊ လေတပ်နှင့် ရေတပ်တို့ဟာ သီးခြားအစီအစဉ်တွေနဲ့ အပြိုင်အဆိုင် ထုတ်လုပ်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်ရောက်တဲ့အခါမှာ အမေရိကန်၊ ဗြိတိန်နှင့်ဆိုဗီယက်တို့ တစ်စိတ်တစ်ဒေသ လက်နက်စမ်းသပ်မှုပိတ်ပင်ရေးစာချုပ် (Partial Test Ban Treaty) ကို ချုပ်ဆိုခဲ့ကြပါသည်။ ဒီစာချုပ်အရ တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေးစနစ်များ စမ်းသပ်မယ့်အစီအစဉ်တွေကို ရပ်ဆိုင်းထားခဲ့ရပါတယ်။

၁၉၇၂ ခုနှစ်မှာ အမေရိကန်နှင့် ဆိုဗီယက်တို့လက်ဝယ်ရှိ ဒုံးလက်နက်တွေဟာ အရေအတွက်ရော၊ အဖျက်စွမ်းအားပါ ကြောက်ခမန်းလိလိ ကြီးထွားလာတာကို သတိပြုမိပြီး ဒုံးကျည်ဆန့်ကျင်ရေးစာချုပ်(ABM) ကို လက်မှတ်ရေးထိုးခဲ့ကြပြန်ပါတယ်။ ဒီစာချုပ်အရ ဒုံးကျည်ကာကွယ်ရေးစနစ်များကိုအကန့်အသတ်နဲ့ထားရှိကြဖို့ နှစ်ဖက်စလုံးက သဘောတူလက်ခံခဲ့ကြပါတယ်။

၁၉၈၁ ခုနှစ်အရောက်မှာတော့ အမေရိကန်သမ္မတ ရီဂင်က အာကာသနှင့်မြေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေးစနစ်တွေ သုတေသနပြုလုပ်မယ့်အစီအစဉ်တွေကို ကြေညာခဲ့ပြီး ၁၉၈၃ ခုနှစ်မှာ ကြယ်တာရာစစ်ပွဲ (STAR WARS) လို့ လူသိများတဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ထုတ်ဖော်ကြေညာခဲ့ပါတယ်။ နောက်တစ်နှစ်ကြာမှာတော့ အမေရိကန်ကြည်းတပ်က ဒုံးကျည်တစ်စင်းကို ကြားဖြတ်ဟန့်တားနိုင်ကြောင်း စမ်းသပ်ပြခဲ့ပါတယ်။

နောက်ပိုင်းကာလတွေမှာ ဆိုဗီယက်တို့ရဲ့တာဝေးပစ်ဒုံးကျည်တွေကို ကာကွယ်တားဆီးဖို့ ဒီဇိုင်းထုတ်ထားတဲ့ ပက်ထရီးယော့ဒုံးကျည်၊ တာလတ်ပစ်အမြင့်ပျံဒုံးကျည်တွေကိုပစ်ခွင်းမယ့် (THAAD) ဒုံးကျည်ကာကွယ်ရေးစနစ်တွေကို အရှေ့အလယ်ပိုင်းဒေသတွေနှင့် အာရှနှင့်ပစိဖိတ်ဒေသတွေမှာဖြန့်ကြက်ဖို့ အမေရိကန်က ကြိုးပမ်းနေပါတယ်။

ပက်ထရီးယော့ဒုံးကျည်ကို အရှေ့အလယ်ပိုင်းဒေသမှာဖြန့်ကြက်ထားရှိပြီး ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ပွားလာချိန်မှာ အီရတ်တို့ရဲ့ စကာ့ဒ်ဒုံးကျည်တွေကို အောင်မြင်စွာကာကွယ်နိုင်တာတွေ့ရပါတယ်။ ဒါပေမယ့် အစ္စရေးနဲ့ ဆော်ဒီအာရေဗျနိုင်ငံတို့ကို စကာ့ဒ်ဒုံးကျည်တွေနဲ့ စုပြုံတိုက်ခိုက်လာတဲ့အခါမှာတော့ ရာနှုန်းပြည့်ကာကွယ်နိုင်ခြင်းမရှိတာကို တွေ့ကြရပါတယ်။ တစ်စိတ်တစ်ပိုင်းသာကာကွယ်နိုင်တဲ့အခြေအနေမှာ အီရန်နဲ့ မြောက်ကိုရီးယားနိုင်ငံတွေမှာ တာလတ်နဲ့ တာဝေးပစ်ဒုံးကျည်တွေရဲ့ စွမ်းရည်တွေ တစ်စတစ်စမြင့်မားလာနေတာကို တွေ့ကြရပါတယ်။

ဒါကြောင့်လည်း အမေရိကန်စစ်ရေးကျွမ်းကျင်သူတွေက စွမ်းရည်ပြည့်ဝတဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်များကိုထုတ်လုပ်ရန် ကြိုးပမ်းမှုများရှိလာပါတယ်။ ဒုံးကျည်ကာကွယ်ရေးစနစ်တွေကို စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်နိုင်အောင်လည်း ရုရှားနဲ့သဘောတူထားပြီးဖြစ်တဲ့ ABM စာချုပ်မှ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်လက်ထက်မှာ နုတ်ထွက်ခဲ့ပါတယ်။

ဒီနောက်ပိုင်းမှာ နှစ်နှစ်တာ ကာလအတွင်း ထိရောက်တဲ့ဒုံးကျည်ကာကွယ်ရေးစနစ်တွေ တီထွင်ထုတ်လုပ်ဖို့ ကြိုးစားလာခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် ဇူလိုင်လအရောက်မှာ မြေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေးနဲ့ ဒုံးခွင်းဒုံးစနစ်တွေကို အမေရိကန်နိုင်ငံ ဖို့ဂရီလီတပ်စခန်းမှာ စတင်ဖြန့်ကြက်ခဲ့ပါတယ်။ အမေရိကန်ရဲ့ ဒုံးကျည်ကာကွယ်ရေးကို ဒုံးကျည်ကာကွယ်ရေးအေဂျင်စီက အမေရိကန်ဒေါ်လာ ၉၀ ဘီလီယံအကုန်အကျခံပြီး ဆောင်ရွက်အကောင်အထည်ဖော်ခဲ့ပါတယ်။ လက်ရှိအချိန်ထိ အမေရိကန်ရဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်တွေဟာ အကန့်အသတ်နဲ့တိုက်ခိုက်လာတဲ့ တိုက်ချင်းပစ်ဒုံးကျည်တွေကိုသာ ကာကွယ်နိုင်စွမ်းရှိတာကို တွေ့ကြရပါကြောင်း တင်ပြလိုက်ရပါတယ်။



# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးဆွေးနွေး

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E.Mr. CHEN FENGXIANG ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၊ ဒေါက်တာစန်းလွင်၊ ဦးတင်ငွေ၊ ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြားရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် နှစ်နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# ကျေးရွာများလျှပ်စစ်မီးဖွင့်လှစ်ခြင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေး

နေပြည်တော် မေ ၁၉

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မေ ၁၇ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာ အလယ်တန်းကျောင်းတွင် ရပ်မိရပ်ဖများနှင့် တွေ့ဆုံခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ရွာခိုင်ကျေးရွာ ပါရမီ စာကြည့်တိုက်သို့ Sky Net Internet Accessories တစ်စုံကို ထောက်ပံ့ပေးအပ်လှူဒါန်းသည်။**



ဆက်လက်၍ စလင်းမြို့နယ် ကြို့ဝန်းကြီးရွာ အလယ်တန်းကျောင်းတွင် သန်းပင်ကုန်းကျေးရွာ တည်ဘိုကန်ကျေးရွာ၊ ရွာသာကုန်းကျေးရွာ၊ လက်ပံကန်ကျေးရွာ၊ အုတ်ဖိုကန်ကျေးရွာ၊ မင်ဂန်ကျေးရွာ၊ ရုံးပင်ကန်ကျေးရွာများမှ ဒေသခံပြည်သူများနှင့်လည်းကောင်း၊ ပေါင်းတူးကျေးရွာနှင့် ဝန်ကျင်းကျေးရွာများရှိ ဒေသခံ ရပ်မိရပ်ဖများနှင့် ပေါင်းတူးကျေးရွာ မူလတန်းလွန်ကျောင်းတွင် လည်းကောင်း၊ မြေနီကုန်းကျေးရွာ၊ အောက်လှိုင်းကျေးရွာ၊ ငွေးပင်ဇင်ကျေးရွာများရှိ ရပ်မိရပ်ဖများနှင့် ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် တွေ့ဆုံကာ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

မေ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ စလင်းမြို့နယ် ရွာမကောကျေးရွာအုပ်စု ကြည်ကုန်းကျေးရွာနှင့် ညောင်လက်တိုကျေးရွာများအတွက် လျှပ်စစ်မီးဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ၁၁/၀.၄ ကေဗွီ (၁၀၀ ကေဗွီအေ) ထရန်စဖော်မာအား ဖဲကြိုးဖြတ်၊ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပေါက်ရင်းကုန်းကျေးရွာအုပ်စု၊ လက်ခုတ်ပင်ကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ၁၁/၀.၄ ကေဗွီ (၅၀ ကေဗွီအေ) ထရန်စဖော်မာအား ဖဲကြိုးဖြတ်၊ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပုလဲကုန်းကျေးရွာ၊ ပေါက်ရင်းကုန်းကျေးရွာ၊ ရွာမကောကျေးရွာ၊ လက်ခုတ်ပင်ကျေးရွာ၊ ညောင်လက်တိုကျေးရွာ၊ ခြသေ့်ဦးကျေးရွာများရှိ ရပ်မိရပ်ဖများနှင့် လက်ခုတ်ပင်ကျေးရွာ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နေ့လယ်ပိုင်းတွင် တလင်းကြီးကုန်းကျေးရွာ၊ မြောင်ကုန်းကျေးရွာ၊ ပေါက်လဲပင်ကုန်းကျေးရွာ၊ တောကြီးကျေးရွာ၊ တောင်မှရွှေးကုန်းကျေးရွာ၊ ကျောက်ရဲကျွန်းကျေးရွာ၊ ဇီးကျွန်းကျေးရွာ၊ မဲရွာကျွန်းကျေးရွာ၊ အရှေ့ရှားတောကျေးရွာ၊ ဖောင်းလင်းကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တလင်းကြီးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်တွေ့ဆုံကာ ကျေးရွာမီးလင်းရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ပြည်သူများ ဗဟုသုတတိုးပွားစေရေးအတွက် Sky Net ဂြိုဟ်တုစလောင်းတစ်စုံကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမျိုးသားတစ်ဦး မိုးကြိုးထိမှန်သေဆုံး

**သံတောင်ကြီး မေ ၁၉**

သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာတွင် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က အမျိုးသားတစ်ဦး မိုးကြိုးထိမှန်သေဆုံးသည်။

ဖြစ်စဉ်မှာ ရွှေညောင်ပင်ကျေးရွာနေ နော်ခင်သိန်ငွေး၏ ခင်ပွန်းဖြစ်သူ မောင်ယဉ်မင်းသိန်း (၃၃ နှစ်)သည် မိုးရွာနေစဉ် အိမ်အပြင်ဘက်၌ ရေမြောင်းဖောက်ရာ အိမ်ခေါင်မိုးတွင် တပ်ထားသော ဆိုလာပြားမှတစ်ဆင့် မိုးကြိုးလျှပ်စီးဝင်ပြီး အနီးတွင်ရှိသော မောင်ယဉ်မင်းသိန်းအား မိုးကြိုးထိမှန်လဲကျရာ အောက်တွင်ရှိသော ဦးခေါင်းနှင့် ကျောက်တုံးရိုက်မိ၍ ဒဏ်ရာတစ်ချက်ရရှိပြီး သေဆုံးခဲ့သည်။

အခင်းဖြစ်ပွားရာသို့ သံတောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသွားရောက်ကြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးက သေဆုံးသူ၏ ဇနီးထံသို့ ထောက်ပံ့ငွေကျပ် တစ်သိန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(မင်းသား ပြန်/ဆက်)**

** ကျောဖုံးမှ*

ထို့ပြင် ၂၃ လမ်း၊ ၈၃×၈၄ လမ်းကြားတွင်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းမပေါ်တွင် ရေဖုံးလွှမ်းခဲ့ပြီး ဆိုင်ကယ်များ၊ ကားများသွားလာရန် အခက်အခဲဖြစ်ပေါ်လျက်ရှိကာ မန္တလေးဈေးချိုနှင့် နာရီစင် အနီးတစ်ဝိုက်တွင်လည်း ရေဖုံးလွှမ်းလျက်ရှိသည်။

"ကျွန်တော်တို့လမ်းမှာ မိုးများတဲ့အတွက် ရေလျှံတာတော်တော်များတယ်၊ ရေစီးလဲသန်တယ်။ ဆိုင်ကယ်တွေဆို လဲတာတွေတောင်ရှိတယ်။ ရေတွေထဲမှာ ငါးတွေမျောပါလာတဲ့အတွက် အခုဆို လမ်းထဲမှာ ငါးဖမ်းတဲ့သူတွေနဲ့ အတော်စည်ကားနေပါတယ်" ဟု မန္တလေးဒေသခံ ကိုရှင်းခန့်ကပြောသည်။

မန္တလေးမြို့တွင် မေ ၁၆ ရက်က မိုးစတင်ရွာသွန်းခဲ့ပြီး မေ ၁၈ နှင့် ၁၉ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးရွာများတွင် တောင်ကျချောင်းရေများ ဝင်ရောက်ခြင်း၊ တချို့ဒေသများတွင် သစ်ပင်များပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တွင် မေ ၁၈ ရက် ညပိုင်းက ရွာသွန်းခဲ့သောမိုးကြောင့် မြို့တွင်းလမ်းမများနှင့် ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရသည်။ မြို့တွင်းရှိ ရေနုတ်မြောင်းစနစ်များ ယခင်ကထက် ပိုမိုကောင်းမွန်လာ၍ ရေနုတ်အားကောင်းမွန်သော်လည်း ရွာသွန်းသည့် မိုးရေချိန်များပြားသဖြင့် ယခုကဲ့သို့ ရေကြီးရေလျှံမှုများဖြစ်ကြောင်း၊ မန္တလေးမြို့၏ အဓိကရေဆိုးစွန့်ထုတ်ရာ ရွှေစာချောင်းမြောင်းကြီးမှာ ပြုပြင်ပြီးစဖြစ်၍ မြောင်းအပြည့်ရေစီးအားကောင်းကောင်းနှင့် ရေနုတ်ပေးနေသော်လည်း အချို့အနိမ့်ပိုင်းကျသောနေရာများတွင် မြောင်းပေါင်ပေါ်မှ ရေများလျှံကျလျက်ရှိရာ အနိမ့်ပိုင်းရပ်ကွက်များအတွင်း စီးဝင်လျက်ရှိကြောင်း သိရသည်။

ရပ်ကွက်များအတွင်း ဖြတ်သန်းစီးဆင်းလာသော ရေများသည် အင်းလုပ်ကွက်ချထားပေးသည့် ကန်တော်ကြီး(ခေါ်) တက်သိမ်းအင်းအတွင်း စီးဝင်ရာအင်းအတွင်းရှိ ငါးများရေထဲတွင် နေထိုင်ရန်ခက်ခဲလာပြီး ကုန်းပေါ်သို့ ခုန်တက်ကြသဖြင့် ကန်တော်ကြီးတစ်ဝိုက်တွင် ငါးကောက်သူများ တွေ့ရသည်။ နေ့လယ်ပိုင်းတွင် မိုးသည်းထန်စွာဆက်လက်ရွာသွန်းခြင်းမရှိသဖြင့် ရေများတဖြည်းဖြည်း လျော့ကျလာသော်လည်း အနိမ့်ပိုင်းရပ်ကွက်များတွင်မူ ရေများ ဆက်လက်ရှိနေဆဲဖြစ်ပြီး ရေဝင်၍ သွားလာချက်ပြုတ်ရန် ခက်ခဲသောရပ်ကွက်များသို့ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်၊ ရပ်ကွက် တာဝန်ရှိသူများက ထမင်းထုပ်များ ပေးဝေခဲ့ကြကြောင်း သိရသည်။



**မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ လမ်း ၃၀ နှင့် ၇၃ လမ်းထောင့်၌ မိုးသည်းထန်ပြီး လမ်းမပေါ်ရေလျှံနေမှုကိုတွေ့ရစဉ်။**
ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)

မန္တလေး ပုသိမ်ကြီးမြို့နယ်တွင် ဆည်တော်ကြီးမှ ပိုလျှံသည့်ရေများအား ထုတ်လွှတ်သည့်အတွက်ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ကြောင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် (တံတားဦး)မှ လေယာဉ်ခရီးသည်အချို့လည်း ရာသီဥတုအခြေအနေကြောင့် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်အရ မိုးရေချိန် ၄ ဒသမ ၀၅ လက်မ ရွာသွန်းခဲ့ခြင်းဖြစ်ပြီး နောက်နှစ်ရက်တွင်လည်း ဆက်လက်ထစ်ချုန်းရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

**အောင်ရဲသွင်၊ တင်မောင်၊အောင်သူရ (မန်းကိုယ်ပွား)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မလေးရှားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E.Mr. Mohd Haniff Abd Rahman အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

## ကျောင်းဆောင်များ ဆောက်လုပ်ရာတွင် အရည်အသွေးမပြည့်မီသော ဖောင်ဒေးရှင်းများ ပြုလုပ်သည့် ကုမ္ပဏီများကို အရေးယူမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ သဲကုန်း မဲဆန္ဒနယ်မှ ဦးစိုးအောင်၏ **ကျေးရွာသစ်ခြံမြေကွက်များ၏ အကျယ်ကို သတ်မှတ်ရာတွင် လိုအပ်သော သီးနှံ သိုလှောင် ဂိုဒေါင်၊ နွား၊ ဝက်မွေးမြူသောအဆောက်အအုံနှင့် နွားစာ သိုလှောင်ရန် ကောက်ရိုးပုံ၊ သီးနှံ၊ ပဲ၊ နှမ်းခြွေလှေ့သော တလင်းကွင်းတို့ပါ လိုအပ်သဖြင့် ခြံမြေအကျယ်ကို ပေ (၆၀ × ၁၂၀) တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ကျေးရွာ/မြေကွက်သစ်များ သတ်မှတ်ပေးရာတွင် လူနေခြံမြေကွက်များသာမက စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ ဈေး၊



ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြေကြားစဉ်။ (သတင်းစဉ်)

ကျေးလက်လမ်း စသည့် အခြေခံ အဆောက်အအုံများအတွက်ပါ စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်သဖြင့် စီမံခန့်ခွဲပေးနိုင်မည့် မြေနေရာအကျယ်အဝန်းပေါ် မူတည်ပြီး မြေကွက်အကျယ်အဝန်းနှင့် မြေနေရာသတ်မှတ်အကျယ်အဝန်းတို့ ပြည့်စုံလုံလောက်ပါက ကျေးရွာလူထုအတွက် ပေ (၆၀ × ၁၂၀) အကျယ်အဝန်းကို သတ်မှတ်ချထားပေးနိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **ပြည်သူ့ဘဏ္ဍာငွေများဖြင့် ဆောက်လုပ်သည့် ကျောင်းဆောင်များအား ကန်ထရိုက်ရရှိသည့် ကုမ္ပဏီများမှ ဆောက်လုပ်ရာတွင် အရည်အသွေးမပြည့်မီသော Foundation များ ပြုလုပ်သည့် ကုမ္ပဏီများအား Black list သွင်းခြင်း၊ လုပ်ငန်းကို ပြန်လည်အပ်နှံစေခြင်းစသည့် အရေးယူခြင်းများဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စံချိန်စံညွှန်းမပြည့်မီသော



တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပစ္စည်းများဖြင့် တည်ဆောက်ခြင်း၊ တင်ပြထားသော အရေအတွက်ထက် လျော့၍ တည်ဆောက်ခြင်းများအား ဆောက်လုပ်သည့် ကုမ္ပဏီများမှ ပြန်လည်အစားထိုးပြင်ဆင်ပေးရန်၊ လုပ်ငန်းလက်ခံသူက တာဝန်ယူရန်၊ စာချုပ်စည်းကမ်းချက်များနှင့်အညီ လုပ်ငန်း မဆောင်ရွက်နိုင်ခြင်းနှင့် စာချုပ်စည်းကမ်းကို ဖောက်ဖျက်ပါက အခြားသင့်တော်သူကို လုပ်ငန်းအပ်နှံသူက အစားထိုးလုပ်ကိုင်စေခြင်း၊ နာမည်ပျက်စာရင်း ထည့်သွင်းကြေညာခြင်း၊ ဥပဒေအရ တရားစွဲဆိုခြင်းများ ခံယူရမည်ကို လုပ်ငန်းအပ်နှံမှုစာချုပ် ချုပ်ဆိုချိန်၌ သဘောတူညီလက်မှတ်ရေးထိုးဆောင်ရွက်ထားရှိသဖြင့် အရည်အသွေးမပြည့်မီသော Foundation များ ပြုလုပ်သည့် ကုမ္ပဏီများကိုလုပ်ငန်း ပြန်လည်အပ်နှံစေခြင်းစသည့် အရေးယူမှုများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင်၏ **ရေစကြိုမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်မှု ခက်ခဲသော ဒေသများရှိ အထက်တန်းကျောင်းများတွင် နယ်ဝေးမှ တာဝန်ကျ ဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန်နှင့် အန္တရာယ်ရှိ ကျောင်းဆောင်များကို ပြင်ဆင်ရန်/အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း ၁၇ ကျောင်းအား ပြင်ဆင်ရန်နှင့် အသစ်ဆောက်လုပ်ပေးရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်တွင် ငွေကျပ် ၄၄၂ ဒသမ ၈ သန်းကို လျာထားပြီး ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် **"အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

## ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်(၄)ရပ်ကို အရှိန်မြှင့်၍ ပြည်သူများပါဝင်မှုအဖြစ် လက်တွေ့ရလဒ်များရရှိရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၉**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်၏ **အစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်အတွက် ပထမအဆင့်(First Wave) ပြုပြင်ပြောင်းလဲရေး၊ ဒုတိယအဆင့် (Second Wave) ပြုပြင်ပြောင်းလဲရေး၊ တတိယအဆင့်(Third Wave) အရှိန်အဟုန်မြှင့်ပြုပြင်ပြောင်းလဲရေး မေးခွန်းနှင့်စပ်လျဉ်း၍** သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကို ကျင်းပ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအဖြစ် ဒီမိုကရေစီ နည်းလမ်းတကျ ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို ပထမအဆင့်ဟု သတ်မှတ်ကြောင်း။

ဒုတိယအဆင့်အနေဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ၂၀၁၂ ခုနှစ်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ၂၀၁၃ ခုနှစ်တွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်(၄)ရပ် ဆောင်ရွက်ခြင်းကို ဆိုလိုကြောင်း။

တတိယအဆင့်အနေဖြင့် ၂၀၁၄ ခုနှစ် ဇွန် ၁၀ ရက်မှစ၍ ဒီမိုကရေစီနိုင်ငံသစ်အတွက် ခိုင်မာသည့်အခြေခံအုတ်မြစ်တစ်ရပ် ချမှတ်သွားနိုင်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားလိုလားချက်များကို ဖြည့်ဆည်းသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်(၄)ရပ်ကို အရှိန်မြှင့်၍ ပြည်သူများပါဝင်မှုအဖြစ် လက်တွေ့ရလဒ်များရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယအဆင့်သည် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်(၄)ရပ်ကို ပိုမိုအားကောင်းစေရန်၊ စွမ်းအားရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

အဆင့်များအလိုက် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပထမအဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် အထောက်အကူပြုစေရန် ဒုတိယအဆင့်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။ ဒုတိယအဆင့်၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ပိုမို



ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။ (သတင်းစဉ်)

ကောင်းမွန်ထိရောက်စေရန် တတိယအဆင့်ဖြင့် အရှိန်အဟုန်မြှင့်တင်ပြီး နိုင်ငံ့ဝန်ထမ်းများအား ပိုမို၍တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူတတ်မှု၊ တာဝန်ခံမှုရှိစေရန် ဆောင်ရွက်ခြင်းဖြစ်၍ မိမိတို့တာဝန်ယူနေသည့် သက်တမ်းအတွင်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **ကုမ္ပဏီများ မှတ်ပုံတင်ရာတွင် ပြည်သူများ၏ ငွေကြေးကို လိမ်လည်လှည့်ဖျား၍ အပိုင်စီးသွားနိုင်ဖွယ်ရှိသော ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများကို မူလကပင် မှတ်ပုံတင်ခွင့်မပေးသင့်ကြောင်းနှင့် ကုမ္ပဏီတည်ထောင်ပြီးနောက် ၄င်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးကြည့်ရှုရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ကုမ္ပဏီမှတ်ပုံတင်ဌာနအနေဖြင့် ဥပဒေအရ လိုအပ်သည့်အချက်များ ပြည့်စုံမှု ရှိ/မရှိကိုသာ စိစစ်နိုင်ပြီး ပြည့်စုံပါက ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးပါကြောင်း၊ မမှန်မကန်လုပ်ဆောင်သူတစ်ဦးတစ်ယောက်ကြောင့် ကုမ္ပဏီများ မှတ်ပုံတင်ခြင်းကို စိစစ်ပြီးမှ ခွင့်ပြုပေးမည်ဆိုလျှင် အချိန်ကြန့်ကြာမှုများဖြစ်ပေါ်လာနိုင်ကြောင်း။

အလွဲသုံးစားပြုလုပ်ကြောင်းနှင့် မသမာမှုများ ပြုလုပ်ကြောင်းပန်ကြားလာပါက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် စုံစမ်းစစ်ဆေးပြီး ပေါ်ပေါက်ချက်များအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နစ်နာသူများအနေဖြင့်လည်း သက်ဆိုင်ရာ တရားရုံးများတွင် တရားစွဲဆိုဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိန်းခင်းပေါင်၏ **ချင်းတိုင်းရင်းသား တီးတိန်ချင်းလူမျိုးနွယ်စု (Zolai)စာပေဖြင့် သတင်းစာထုတ်ဝေခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက တိုင်းရင်းသားဘာသာစကား ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် ပုံနှိပ်စက် အနေအထားအရ အနည်းဆုံးလေးမျက်နှာထုတ်ဝေရမည်ဖြစ်ပြီး စောင်ရေ ၁၅၀၀၀ အထက်ရှိရန် လိုအပ်ပါကြောင်း၊ လက်ရှိချင်းပြည်နယ်အတွင်း သတင်းစာဖြန့်ဝေမှုမှာ မြန်မာ့အလင်း ၉၄၂ စောင်နှင့် ကြေးမုံ ၁၈၇ စောင် စုစုပေါင်း ၁၁၂၉ စောင်သာရှိကြောင်း၊ ချင်းပြည်နယ်အတွင်း၌ (Zolai) စာပေဖြင့် သတင်းစာထုတ်ဝေပါကပြည်နယ်အတွင်းရှိ ကျန်တိုင်းရင်းသားမျိုးနွယ်စုများကလည်း မိမိတို့နှင့်သက်ဆိုင်ရာစာပေ၊ ဘာသာစကားများနှင့် သတင်းစာထုတ်ဝေပေးရန် တင်ပြမှုများဖြစ်ပေါ်လာနိုင်သည့်အတွက် ချင်းပြည်နယ်အတွင်း၌ ဘာသာစကားအမျိုးမျိုးဖြင့် သတင်းစာများစွာထုတ်ဝေရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ပြင် (Zolai) စာပေတစ်မျိုးတည်းဖြင့် ထုတ်ဝေပါက အခြားချင်းတိုင်းရင်းသားများကို လျစ်လျူရှုသည့်သဘော သက်ရောက်နေပါသဖြင့် တိုင်းရင်းသားမျိုးနွယ်စုများအကြား စိတ်ဝမ်းကွဲမှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ (Zolai) တိုင်းရင်းသား ဘာသာစကားဖြင့် သတင်းစာထုတ်ဝေရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန် မေးမြန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ကို ရယူပြီး အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

# ခရီးသွားလုပ်ငန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်




ဒုတိယသမ္မတ ဦးညွန့်ထွန်း အပြည်ပြည်ဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၉**

အပြည်ပြည်ဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ ဒုတိယ သမ္မတ ဦးညွန့်ထွန်း တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယ သမ္မတက အမှာစကားပြောကြားရာ၌ ခရီးသွားလုပ်ငန်းသည် ကမ္ဘာတွင် သာမက မြန်မာနိုင်ငံတွင် အကြီးမား ဆုံးသော ဝန်ဆောင်မှုလုပ်ငန်း နယ်ပယ်တစ်ခုဖြစ်ကြောင်း၊ တစ်ကမ္ဘာ လုံးအနေနှင့် ခရီးသွားဦးရေ နှစ်စဉ် သန်းတစ်ထောင်ကျော်ရှိပြီး ခရီးသွား လုပ်ငန်းနယ်ပယ်နှင့် ဆက်စပ် နယ်ပယ်များအတွင်းရှိ အလွှာစုံမှ လူပုဂ္ဂိုလ်များအတွက် သန်းထောင်ချီ သော အခွင့်အလမ်းများ ဖန်တီးပေး နေသည့် အရေးပါသော စီးပွားရေး ကဏ္ဍတစ်ရပ်လည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အရှေ့တောင် အာရှ၊ တောင်အာရှနှင့် အိန္ဒိယမြစ်ဝှမ်း၊ ဟိမဝန္တာဒေသတို့၏ လမ်းဆုံတွင် တည်ရှိပြီး ကြွယ်ဝ၍ မတူကွဲပြားသော သဘာဝ၊ ယဉ်ကျေးမှုနှင့် သမိုင်းဝင် ခရီးသွားလုပ်ငန်းဆိုင်ရာ အလှတရား များ ပိုင်ဆိုင်ထားသည့်နိုင်ငံ ဖြစ်ပါ ကြောင်း၊ အဆိုပါ အလှတရားများက မြန်မာနိုင်ငံအား ကမ္ဘာ့အလယ်တွင် ဆွဲဆောင်မှုရှိသည့် ခရီးစဉ်ဒေသ တစ်ခုအဖြစ် ထင်ရှားလာစေခဲ့ပြီး ရလဒ်အနေဖြင့် နိုင်ငံတစ်ဝန်းလုံး တွင် နိုင်ငံခြားဝင်ငွေရသည့် အလုပ်အကိုင် အခွင့်အလမ်းများ သိသာစွာ တိုးတက်မြင့်မားလာခဲ့ ပါကြောင်း။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ကဏ္ဍကို ပြန်ကြည့်ပါက ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ၂ ဒသမ ၀၄ သန်း ဝင်ရောက်မှု ရှိခဲ့ပြီး တိုးတက်မှု (၉၃ ဒသမ ၀၄) ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် တွင် ၃ ဒသမ ၀၈ သန်း ဝင်ရောက် ခဲ့ပြီး တိုးတက်မှု ၅၁ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း၊ ယခုနှစ်၏ ပထမ သုံးလအတွင်းတွင် ကမ္ဘာလှည့်ခရီး သည် ၉၀၉၅၁၀ ဝင်ရောက် ခဲ့ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် စီးပွား ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက မောင်းနှင်အား တစ်ရပ်ဖြစ်သကဲ့သို့ အိမ်ရှင်နိုင်ငံ၏ ယဉ်ကျေးမှု၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအခြေ အနေများအပေါ် ဆိုးကျိုးသက် ရောက်မှုများလည်း ရှိနိုင်ပါကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်သိ ခရီးသွားလုပ်ငန်းမူဝါဒနှင့် မြန်မာ နိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ကို ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရန် လိုအပ် ပါကြောင်း။

မြန်မာနိုင်ငံသည် နှင်းဖုံးတောင် တန်းများနှင့် နက်ရှိုင်းလှသည့် အရှေ့ ပိုင်း ဟိမဝန္တာတောင်စဉ်တောင်တန်း များမှသည် အဏ္ဏဝါဇီဝမျိုးကွဲများ ရှင်သန် ကျက်စားလျက်ရှိသည့် တောင်ပိုင်းမြိတ်ကျွန်းစုအထိ ကြွယ်ဝ လှစွာသော ဂေဟစနစ်ကို ပိုင်ဆိုင် ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါ ကြောင်း၊ အခြားနိုင်ငံများနှင့်မတူ ခြားနားသည့်ဂေဟစနစ်ကို ပြည်တွင်း ပြည်ပ ခရီးသွားများအား ပြသနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး အစိမ်းရောင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အစိတ် အပိုင်းတစ်ရပ်လည်း ဖြစ်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက် ရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန တို့သည် မြန်မာနိုင်ငံ သဘာဝအခြေခံ ခရီးသွား လုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှု မဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်းကို အတူတကွ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ တောင်တန်းဒေသ ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ နိုင်ငံတကာ ဗဟို ဌာန (ICIMOD)နှင့် ပူးပေါင်းဆောင် ရွက်မှု၊ ဥရောပသမဂ္ဂနှင့် မဟာမဲခေါင် ဒေသခွဲ သဘာဝပတ်ဝန်းကျင်ဗဟိုပြု အစီအစဉ်တို့၏ အထောက်အပံ့တို့ ဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း၏ အဓိကဦးတည်ချက် တစ်ရပ်အဖြစ် မူဝါဒနှင့် မဟာဗျူဟာ ကို ပြင်ဆင်ထားပြီး ဖြစ်ပါကြောင်း၊ ယင်းမူဝါဒနှင့် မဟာဗျူဟာသည် သဘာဝအခြေခံ ခရီးစဉ်ဒေသအဖြစ် သတ်မှတ်ထားသော မြန်မာနိုင်ငံ အတွင်းရှိ ထိန်းသိမ်းမှု ဧရိယာ ၂၂ ခု၏ ဇီဝမျိုးကွဲများ၊ ပထဝီဝင်အနေ အထားနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ရှား ဆောင်ရွက်မှုများအပေါ် သုံးသပ်ချက်များအား အခြေခံ၍ ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း၊

တစ်မူထူးခြားသော မြန်မာ့ဂေဟ စနစ်များအား ကာကွယ်ထိန်းသိမ်း နိုင်မည့် သဘာဝအခြေခံ ခရီးသွား လုပ်ငန်းမူဝါဒများ၊ စီးပွားရေးလုပ်ငန်း ပုံစံများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ချဉ်း ကပ်မှုများကို အကောင်အထည်ဖော် ဆောင်ရာတွင် သဘာဝအရင်းအမြစ် များအား အလွန်အကျွံသုံးစွဲမှုများ မဖြစ်ပေါ်စေရန်နှင့် ထိန်းသိမ်းစောင့် ရှောက်မှုဆိုင်ရာ အကျိုးကျေးဇူးများ ကို ဖြန့်ဝေနိုင်ရန်တို့အတွက် တာဝန်သိ စီးပွားရေးလုပ်ငန်းပုံစံ များကို မြှင့်တင်ဆောင်ရွက်သွား ကြရမည် ဖြစ်ပါကြောင်း။

ဤကွန်ဖရင့်က တက်ရောက် လာကြသည့် ကိုယ်စားလှယ်များနှင့် ခရီးသွားလုပ်ငန်း နယ်ပယ်အတွင်းမှ ပုဂ္ဂိုလ်များအားလုံးကို သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက် ရေးနှင့် သဘာဝအခြေခံ ခရီးသွား လုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး တို့နှင့် စပ်လျဉ်းသည့် အသိပညာများ၊ သဘောတရားများ၊ နည်းပညာများ နှင့် အတွေ့အကြုံများ၊ နောက်ဆုံး အခြေအနေများကို မျှဝေနိုင်ရန် ကြီးမားသော အခွင့်အလမ်းများ ပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာ



တောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာဗဟိုဌာနမှ ဒေသဆိုင်ရာ အစီအစဉ်မန်နေဂျာ ဒေါက်တာDhrupad Choudhury နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဗဟိုဌာနမှ ဒေသဆိုင်ရာ အစီအစဉ် မန်နေဂျာ ဒေါက်တာ Dhrupad Choudhury နှင့် အာရှ-ပစိဖိတ် ခရီးသွားလုပ်ငန်းအဖွဲ့မှ အမှုဆောင် အရာရှိချုပ် Mr. Mario Hardy တို့ က နှုတ်ခွန်းဆက်စကား ပြောကြား ကြသည်။

ယင်းနောက် တောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာ ဗဟိုဌာနမှ ဒေသဆိုင်ရာ အစီအစဉ် မန်နေဂျာ ဒေါက်တာ Dhrupad Choudhuryက မြန်မာနိုင်ငံ သဘာဝ အခြေခံခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲမှု မဟာဗျူဟာထုတ်ပြန်ချက် စာအုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဦးဌေးအောင်ထံ ပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ နှင့် တက်ရောက်လာကြသူများသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင် ထိန်း သိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနတို့မှ ပြသထားသည့် သဘာဝ



အာရှ-ပစိဖိတ် ခရီးသွားလုပ်ငန်း အဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Mario Hardy နှုတ်ခွန်းဆက် စကား ပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်မှု မှတ်တမ်းဓာတ်ပုံများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထား ရှိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု ကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယသမ္မတသည် တက်ရောက် လာကြသူများနှင့် ညစာအတူတကွ သုံးဆောင်ခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ် များနှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ကြသည်။

**(သတင်းစဉ်)**



တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာဗဟိုဌာနမှ ဒေသဆိုင်ရာ အစီအစဉ်မန်နေဂျာ ဒေါက်တာ Dhrupad Choudhury မြန်မာနိုင်ငံ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှု မဟာဗျူဟာ ထုတ်ပြန်ချက်စာအုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဦးဌေးအောင်တို့ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

❁ ***ကျောဖုံးမှ***

ဂျပန်အသင်းတို့မှာ အဆင့်(၅) နေရာအတွက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အိန္ဒိယအသင်းနှင့် ထိုင်းအသင်းမှာ အဆင့်(၇)နေရာအတွက် ယှဉ်ပြိုင် ရမည်ဖြစ်သည်။

အာရှယူ-၂၃ ဘော်လီဘော ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို မေ ၂၀ ရက်(ယနေ့) ဆက်လက် ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲ၊ တတိယနေရာလုပွဲ၊ အဆင့်(၅)၊ (၇)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၅) နေရာ လုပွဲများ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**မိုးလေဝသ အခြေအနေ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Mohd Haniff Abd Rahman အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E.Mr. Mohd Haniff Abd Rahman နှင့်အတူ စစ်သံမှူး Col. Mohd Yasin Bin Usop နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍများ၌ တပ်မတော်အချင်းချင်း ဆောင်ရွက်နိုင်သည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(မြဝတီ)



# တပ်မတော်ချင်းဆက်ဆံရေးကောင်းမွန်ခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေနိုင်သဖြင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်စေလို

**နေပြည်တော် မေ ၁၉**

တပ်မတော်နှင့် မြန်မာ့နိုင်ငံရေး ဖြစ်စဉ်များသည် သမိုင်းကြောင်းအရ ခွဲခြား၍ မရပါကြောင်း၊ တပ်မတော် အနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းအောင်၊ တိုးတက်အောင် လုပ်ဆောင်နေခြင်းမှာလည်း သမိုင်းကြောင်းနှင့် ယှဉ်တွဲပါလာသည့် အခြေအနေဖြစ်ပါကြောင်း၊ တပ်မတော်သည် တိုင်းပြည်လွတ်လပ်ရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက်တွင်လည်း ပြည်တွင်းသောင်းကျန်းမှု ပြဿနာများကို ထိန်းသိမ်းဖြေရှင်း၍ လက်ရှိအခြေအနေရောက်ရှိအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ရပါကြောင်း၊ သို့ဖြစ်၍ လက်ရှိ အခြေအနေကို ပြောင်းလဲမသွားစေရန်နှင့် ယခုထက် ပိုမိုကောင်းမွန် တိုးတက်စေလိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Chen Fengxiang အား ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Chen Fengxiang နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ နိုင်ငံခြား ဆက်ဆံရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး H. E.Mr. Chen Fengxiang အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(မြဝတီ)

ယင်းသို့ တွေ့ဆုံရာတွင် ဧည့်သည်တော် ဒုတိယဝန်ကြီးက တရုတ်-မြန်မာ နှစ်နိုင်ငံ ပြည်သူလူထုများအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ခိုင်မာစွာ တည်ရှိပါကြောင်း၊ ယင်းချစ်ကြည်ရင်းနှီးမှုကို ယခုထက်ပိုမိုတိုးတက်စေရန် မြန်မာ့တပ်မတော်အနေဖြင့် ဝိုင်းဝန်းအားဖြည့်လုပ်ဆောင်ပေးစေလိုပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြင့်မားသည်ကိုလည်း သိရှိပါကြောင်း၊ တပ်မတော်ချင်း ဆက်ဆံရေး ကောင်းမွန်ခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေနိုင်သဖြင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်စေလိုပါကြောင်း၊ မိမိတို့ ယခု ခရီးစဉ်သည် အပြန်အလှန် ယုံကြည်မှုတိုးမြှင့်တည်ဆောက်ရန်နှင့် မြန်မာနိုင်ငံအတွက် လွန်စွာအရေးကြီးသည့် ရွေးကောက်ပွဲအကြိုကာလတွင် တပ်မတော်နှင့် အစိုးရအပါအဝင် အဖွဲ့အစည်းအသီးသီးတို့၏ အခြေအနေများကို သိရှိလေ့လာလို၍ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံဖြစ်သည့်အပြင် မဟာဗျူဟာမိတ်ဖက်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ ကီလိုမီတာ ၂၀၀၀ ကျော် နယ်နိမိတ်ထိစပ်နေပြီး နယ်စပ်ဒေသ နှစ်ဖက်လုံးတွင် တူညီသော တိုင်းရင်းသားနေထိုင်မှုများအပေါ် အခြေခံ၍ တွေ့ကြုံလာနိုင်သည့် နယ်စပ်ဒေသအခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေး တာဝန်များကို ထမ်းဆောင်နေပါကြောင်း၊ ဒီတာဝန်အရေးသုံးပါးသည် ဦးစားပေးတာဝန်ဖြစ်သကဲ့သို့ တပ်မတော်အနေဖြင့် မည်သည့် အခြေအနေမျိုးတွင်မဆို နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိန်းသိမ်း ဆောင်ရွက်ရန်မှာလည်း တပ်မတော်၏ ကြီးမားသောတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ မိမိနိုင်ငံ ကိုလိုနီဘဝရောက်စဉ် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားများအကြား အထင်အမြင်လွဲမှားမှုများ ဖြစ်ခဲ့ရပြီး ယင်းမှ အခြေခံဖြစ်ပေါ်လာသည့် တိုင်းရင်းသား လက်နက်ကိုင်ပြဿနာများမှာလည်း ယနေ့တိုင် ဖြေရှင်းနေရဆဲပင်ဖြစ်ကြောင်း၊ နိုင်ငံတော် တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန်မှာ တပ်မတော်၏ အဓိကတာဝန်ပင် ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် တည်ငြိမ်အေးချမ်းမှု အရေးကြီးပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားပါက ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပါကြောင်း၊ ဥပဒေနှင့်အညီ အစိုးရဖွဲ့စည်းထားသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်၍ အစိုးရကို လက်နက်စွဲကိုင်ပြီး ဆန့်ကျင်ခြင်းကို လက်ခံ၍မရပါကြောင်း၊ အဓိကအားဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန်လိုကြောင်း၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံအနေဖြင့်လည်း နှစ်နိုင်ငံဆက်ဆံရေးကိုရှေးရှု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီစေလိုပါကြောင်းဖြင့် ဖြည့်စွက်ပြောကြားသည်။

(မြဝတီ)

# သိပ္ပံဈေး အဆင့်မြှင့်တည်ဆောက်မှုပြီးစီး မကြာမီ ပြန်လည်ဖွင့်လှစ်တော့မည်

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းလမ်းနှင့် ကမ်းနားလမ်းပေါ်ရှိ ယခင်သိပ္ပံဈေးကြီးအား စည်ပင်ဈေးများဌာနမှ အဆင့်မြှင့်ပြန်လည်တည်ဆောက်မှုမှာ ပြီးစီးသွားပြီဖြစ်ကြောင်း တွေ့ရှိရသည်။ **(ယာပုံ)**

ဆိုင်ခန်းတစ်ခန်းစီ၏အကျယ်မှာ ၁၆ စတုရန်း ပေနှင့် ၂၅ စတုရန်းပေ ထက်မနိမ့်သော ဆိုင်ခန်းပေါင်း ၇၂၇ ခန်း၊ အထပ်မှာ ရှစ်လွှာကို ကွန်ဒို တိုက်ခန်းများဖြင့် ထည့်သွင်းဖွဲ့စည်းတည်ဆောက်ထားရှိခဲ့ကြောင်း သိရ သည်။

ယင်းသိပ္ပံဈေးကြီးအား အဆင့်မြှင့်တည်ဆောက်မှုမှာ အလုံးစုံပြီးစီးသွားပြီဖြစ်သဖြင့် မကြာမီ အဆင့်မြင့် ဈေးသစ်ကြီးအား ဆိုင်ခန်းပေါင်းများစွာဖြင့် အဆင့်မီဝေဆာလှပသော ဈေးအဆောက်အအုံကြီးအဖြစ် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

**ရွှေတိုင်လွင်**



# ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် မေ ၁၉**

ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

# တယ်လီဖုန်းပြောဆိုသည့် ဝန်ဆောင်မှုအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခြင်း

ခွန်မင်းကျော်

**၂၀၁၅ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ထုတ်ဝေသည့် မြန်မာ့အလင်း သတင်းစာတွင် ''ဖုန်းသုံးစွဲသူပြည်သူများ ဇွန်လ ၁ ရက်နေ့မှစ၍ ငါးရာခိုင်နှုန်းအခွန်ပေးဆောင်ရတော့မည်'' ဟူသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကြေးမုံသတင်းစာတွင် ''ဆင်းမ်ကတ်နှင့် ဖုန်းငွေဖြည့်ခြင်းများကို ဇွန်လ ၁ ရက်နေ့မှစ၍ အခွန်ကောက်ခံသွားမည်'' ဟူသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဖော်ပြထားသည့် သတင်းလေးများကို ဖတ်ရှုလိုက်ရပါသည်။**

သတင်းမှာတယ်လီဖုန်းသုံးစွဲသူများအား ဖုန်းပြောဆိုနိုင်သည့် ဝန်ဆောင်မှုကို ရယူမှုအတွက် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ဇွန်လ ၁ ရက်မှ စ၍ ကောက်ခံမည်ဟူသည့်သတင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်စွာ တိုးချဲ့လာသည်နှင့်အမျှ တယ်လီဖုန်းသုံးစွဲသူဦးရေမှာလည်း တစ်နှစ်ကျော်နှစ်နှစ်အတွင်း မြို့ပြရော၊ ကျေးလက်ပါ တစ်နေ့တခြားတိုးပွားလာလျက်ရှိပါသည်။ တယ်လီဖုန်းသုံးစွဲသူများ ရှင်းလင်းစွာ သိရှိနားလည်သဘောပေါက်စေရန်အတွက် တယ်လီဖုန်းပြောဆိုသည့် ဝန်ဆောင်မှုအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံ ခြင်းနှင့်ပတ်သက်၍ အခွန်ဆိုင်ရာ တာဝန်ရှိသူများထံမှ လေ့လာစူးစမ်းသိရှိရသမျှကို ပကတိအတိုင်း ထပ်ဆင့်တင်ပြလိုက်ရပါသည်။

**မြန်မာနိုင်ငံတွင် ကောက်ခံလျက်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်မှာ သွယ်ဝိုက်ခွန် (Indirect Tax) အမျိုးအစားဖြစ်ပြီး အခြားနိုင်ငံများ၌ ကျင့်သုံးလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (Goods and Services Tax)၊ တန်ဖိုးဖြည့်အခွန် (Value Added Tax) တို့နှင့် အခွန်ကောက်ခံမှုပုံစံတူသည့် အခွန်အမျိုးအစားဖြစ်ပါသည်။**

သွယ်ဝိုက်ခွန်အဖြစ် "ကုန်သွယ် လုပ်ငန်းခွန်"ကို ယခင်ကသီးခြားဥပဒေပြဋ္ဌာန်းကောက်ခံခြင်းမရှိဘဲ ကုန်သွယ် လုပ်ငန်းခွန်သဘောသက်ရောက်သည့် ၁၉၁၇ ခုနှစ် ဆားခွန်အက် ဥပဒေ၊ ၁၉၁၇ ခုနှစ် ယစ်မျိုးခွန် အက်ဥပဒေ၊ ၁၉၃၁ ခုနှစ် စီးကရက်ခွန် အက်ဥပဒေ၊ ၁၉၃၄ ခုနှစ် မီးခြစ်ခွန် အက်ဥပဒေ၊ ၁၉၁၇ ခုနှစ် မော်တော် ဓာတ်ဆီ ခွန် အက်ဥပဒေ၊ ၁၉၅၂ ခုနှစ် ရောင်းခွန် အက်ဥပဒေ၊ ၁၉၄၉ ခုနှစ် ဟိုတယ် နှင့် ပျော်ပွဲစားရုံခွန်အက်ဥပဒေ၊ ၁၉၅၆ ခုနှစ် ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန် အက်ဥပဒေအစရှိသည့် ဥပဒေများနှင့် သွယ်ဝိုက်ခွန်ကို ကောက်ခံခဲ့ပါသည်။

ထို့နောက် ၁၉၇၆ ခုနှစ် ကုန်စည်နှင့် ဝန်ဆောင်မှုခွန်ဥပဒေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ် သမဝါယမအသင်းများ၏ ကုန်စည်ထုတ်လုပ်ရောင်းချမှုအပေါ် ကုန်စည်နှင့် ဝန်ဆောင်မှုခွန်ကို ကောက်ခံခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် ပြောင်းလဲကျင့်သုံးခဲ့သောဈေးကွက်ကို အခြေခံသည့် စီးပွားရေးစနစ် (Market Oriented Economy) နှင့်အညီ ၁၉၇၆ ခုနှစ်၊ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် ဥပဒေအစားနိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် စသည့် ကဏ္ဍသုံးရပ်လုံးအပေါ် အကျိုးသက်ရောက်စေသည့် ၁၉၉၀ ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကိုပြဋ္ဌာန်းပြီးဖော်ပြပါဥပဒေများကိုရုပ်သိမ်းခဲ့ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ကိုကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့်အညီ ၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ်မှ စတင်ကောက်ခံခဲ့ခြင်းဖြစ်ပါသည်။

ကုန်သွယ် လုပ်ငန်းခွန်ဥပဒေအရပြည်တွင်း၌ ထုတ်လုပ်ရောင်းချသော ကုန်ပစ္စည်းများ ဖြစ်ပါက "ရောင်းရငွေ"ပေါ်တွင်လည်းကောင်း၊ ပြည်ပမှ ကုန်စည်တင်သွင်းခြင်းဖြစ်ပါက "ကုန်းပေါ်ရောက်တန်ဖိုး"ပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ဆောင်ရွက်သည့်ဝန်ဆောင်မှုများဖြစ်ပါက "ဝန်ဆောင်မှုရငွေ" ပေါ်တွင်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ကောက်ခံပါသည်။ ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုထုတ်လုပ်ရောင်းချမှု၊ ဝယ်ယူရောင်းချမှုတို့အတွက်သာ ကောက်ခံသည့်အခွန်အမျိုးအစားမဟုတ်ပါ။ ထို့အတူ ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် ဝင်ငွေခွန်ကဲ့သို့သော တိုက်ရိုက်ခွန်အမျိုးအစားလည်းမဟုတ်ပါ။ ကုန်စည်တန်ဖိုး ဝန်ဆောင်မှုတန်ဖိုးနှင့်အတူ သွယ်ဝိုက်ခွန်ပေးဆောင်ရခြင်းဖြစ်ပါသည်။

ကုန်သွယ်လုပ်ငန်းခွန်သည် သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်သဖြင့် ဝန်ဆောင်မှုဆောင်ရွက်သူသည် ကျသင့်သောကုန်သွယ်လုပ်ငန်းခွန်ကို ဝန်ဆောင်မှုရယူသူထံမှ ဝန်ဆောင်မှုကျသင့်ငွေနှင့်အတူ တစ်ပါတည်းကောက်ခံပြီး နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည် ဖြစ်ပါသည်။ ဝန်ဆောင်မှုကိုရယူသူ မည်သူမဆို ဝန်ဆောင်မှုတန်ဖိုးအလိုက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ဥပဒေနှင့်အညီ ထမ်းဆောင်ရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ တိုက်ရိုက်ခွန်ထက် သွယ်ဝိုက်ခွန်ကို အလေးထားကောက်ခံကြသည့် နည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း အခွန်အခြေခံကျယ်ကျယ်ပြန့်ပြန့် ကောက်ခံနိုင်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို အလေးထားကောက်ခံလျက်ရှိပါသည်။

၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇ အဖြစ် ထုတ်ပြန်ပြဋ္ဌာန်းပေးခဲ့သော ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသည့် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှု(၂၃)မျိုးမှအပ ကျန်ဝန်ဆောင်မှုလုပ်ငန်းများအားလုံးမှ ဝန်ဆောင်မှုရငွေအပေါ် ပုဒ်မခွဲ(ဆ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံပေးဆောင်ရမည်ဖြစ်ပါသည်။

**ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရမည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းသည်လည်းအပါအဝင် ဖြစ်ပါသည်။ သို့ဖြစ်ရာ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုဖြစ်သည့် တယ်လီဖုန်းပြောဆိုခအတွက် ကြိုတင်ငွေဖြည့်ကတ် (Prepaid Card) ရောင်းချခြင်းနှင့် လစဉ် တယ်လီဖုန်းပြောဆိုခကောက်ခံခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကိုဝန်ဆောင်မှုပေးသူများကဝန်ဆောင်မှုရယူသူထံမှ တစ်ပါတည်းကောက်ခံ၍ နိုင်ငံတော်သို့ ပေးဆောင်ရမည် ဖြစ်ပါသည်။**

နိုင်ငံတကာတွင်လည်းနိုင်ငံအလိုက် သတ်မှတ်ပြဋ္ဌာန်းထားသောအခွန်နှုန်းထားဖြင့် တယ်လီဖုန်းပြောဆိုမှုအတွက် ဝန်ဆောင်မှုရငွေအပေါ်တွင် တန်ဖိုးဖြည့်အခွန်ကောက်ခံကြပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဂျပန်နိုင်ငံမှ KDDI ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသကဲ့သို့ အခြားအော်ပရေတာများဖြစ်သော Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့နှင့်အတူ တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကွန်ရက်များဖြန့်ကြက်ပြီး ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမှုနှင့်အတူ နိုင်ငံသားများအားလုံး သက်သာသောနှုန်းထားဖြင့် အဆင်ပြေစွာသုံးစွဲနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းမပြုခဲ့ပါ။ ယခု၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်မှ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများအား စတင်ကောက်ခံခြင်းဖြစ်ပါသည်။

**အိမ်နီးချင်းနိုင်ငံများတွင် တယ်လီဖုန်းဝန်ဆောင်မှုအပေါ် ကောက်ခံသည့် အခွန်နှုန်းများကို လေ့လာပါက ကမ္ဘောဒီးယားနိုင်ငံ၌ ၁၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံ၌ ၁၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံ၌ ၁၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံ၌ ၆ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံ၌ ၁၂ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ၌ ၇ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံ၌ ၁၀ ရာခိုင်နှုန်း အသီးသီးကောက်ခံကြကြောင်း တွေ့ရှိရပါသည်။**

လက်ရှိမြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုအပေါ်ကောက်ခံသည့် အခွန်နှုန်းမှာ ၅ ရာခိုင်နှုန်းသာဖြစ်ရာ အခြားနိုင်ငံများထက် လျော့နည်းသတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြည်သူတို့ နေ့စဉ်စားသုံးသုံးစွဲနေရသည့် အခြေခံစားသုံးကုန်များအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းမပြုရန် ပြဋ္ဌာန်းထားပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက နိုင်ငံတော်အတွက် တာဝန်ယူကောက်ခံပေးသောအခွန် လေးမျိုးရှိပါသည်။ ၎င်းတို့မှာ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်တို့ဖြစ်ပါသည်။ နိုင်ငံတော်၏ စုစုပေါင်းအခွန်အကောက်ရငွေများ၏ ၇၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံပေးနေရခြင်းဖြစ်ပါသည်။

**၎င်းရငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အားလုံးဝင်ရောက်သွားပြီး ပြည်ထောင်စုအစိုးရက ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေနှင့်အညီ ပြည်သူလူထုအတွက် သုံးစွဲသော အသုံးစရိတ်များအဖြစ် ပြန်လည်သုံးစွဲရခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ နှစ်စဉ်ဘတ်ဂျက်အနေအထားကို လေ့လာပါက သုံးငွေက ရငွေထက်များသဖြင့် လိုငွေပြခြင်း၊ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးမှာအခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျနေသေးခြင်းတို့ကို လေ့လာတွေ့ရှိရမည် ဖြစ်**ပါသည်။

နိုင်ငံတော်အစိုးရသည် အခွန်ဆိုင်ရာမူဝါဒများချမှတ်ရာတွင် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေရရှိရေးအတွက် ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝရရှိရေးတစ်ခုတည်းအတွက်ကိုသာ ဦးတည်ဆောင်ရွက်ခြင်းမပြုဘဲ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်သောအခွန်စနစ်ဖြစ်ပေါ်စေရန်၊ ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးနိုင်ရန်၊ စီးပွားရေးနှင့် လူမှုရေးရည်မှန်းချက်များကို အထောက်အကူဖြစ်စေရန်ဆိုသည့် ရည်မှန်းချက်များကိုပါ ထားရှိ၍ ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွန်အခများကို ပြည့်ဝစွာရရှိစေရန် နှစ်စဉ်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ တွင်လည်း "နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်"ဟု ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ တယ်လီဖုန်းသုံးစွဲကြသူမိဘပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့နှင့်အညီ တာဝန်သိပြည်သူများအဖြစ် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်ကြခြင်းဖြင့် နိုင်ငံတော်၏ ရသင့်ရထိုက်သည့် အခွန်အကောက်ရငွေများ အပြည့်အဝရရှိရေးကို ဝိုင်းဝန်းပူးပေါင်းကူညီသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်တင်ပြလိုက်ရပါသည်။ ။

**ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရမည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းသည်လည်း အပါအဝင်ဖြစ်။**

**ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုဖြစ်သည့် တယ်လီဖုန်းပြောဆိုခအတွက် ကြိုတင်ငွေဖြည့်ကတ် (Prepaid Card) ရောင်းချခြင်းနှင့် လစဉ် တယ်လီဖုန်းပြောဆိုခ ကောက်ခံခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ဝန်ဆောင်မှုပေးသူများက ဝန်ဆောင်မှုရယူသူထံမှ တစ်ပါတည်းကောက်ခံ၍ နိုင်ငံတော်သို့ ပေးဆောင်ရမည်။**

---

* ရှေ့ဖုံးမှ

တင်ဒါအောင်မြင်ခဲ့တဲ့ Consortium ကုမ္ပဏီသုံးခုဖြစ်တဲ့ Tokyu Construction Co.,Ltd.၊ Toyo Construction Co.,Ltd.၊ IHI Construction Service Co., Ltd. တို့က တာဝန်ယူတည်ဆောက်သွားမှာဖြစ်ပါတယ်" ဟု အခမ်းအနားတက်ရောက်လာသောဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြောသည်။

သာကေတတံတားအသစ်တည်ဆောက်ရာတွင် မဂ်လာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ယခင် သာကေတတံတားသည် ၁၉၆၇ ခုနှစ်တွင် ကနေဒါအစိုးရ၏ကိုလံဘိုစီမံကိန်းအရ တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယခုအခါတံတားသက်တမ်းနှစ် ၅၀ ခန့်ရှိပြီဖြစ်သဖြင့် ကြံ့ခိုင်မှုအားနည်းလာခြင်း၊ နှစ်လမ်းသွားတံတားဖြစ်၍ ယာဉ်ကြောမကြာခဏပိတ်ဆို့မှုဖြစ်ခြင်းတို့ကြောင့် ယာဉ်သွားလာမှုလွယ်ကူလျင်မြန်စေရန် ရန်ကုန်မြို့တော်သယ်ယူပို့ဆောင်ရေး စီမံချက်အရ လေးလမ်းသွားတံတားသစ်တစ်စင်း တည်ဆောက်ရန်လိုအပ်လာသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ဂျပန်နိုင်ငံ JICA အဖွဲ့တို့ နားလည်မှုစာချွန်လွှာကို ၂၀၁၂ခုနှစ် ဇူလိုင် ၂၀ ရက်၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

တံတားသစ် တည်ဆောက်ရန် ဂျပန်အစိုးရ၏ သဘောတူညီမှုအရ ထောက်ပံ့ငွေ ဂျပန်ယန်း ၄၂၁၆ သန်း ထောက်ပံ့မှု နားလည်မှုစာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဂျပန်အစိုးရတို့ ၂၀၁၄ ခုနှစ် ဇွန် ၅ ရက်၌ လက်မှတ်ရေးထိုးခဲ့သည်။ ယင်းနားလည်မှုစာချွန်လွှာအရ Grant Agreement အား JICA နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ၂၀၁၄ ခုနှစ်ဇွန် ၁၀ ရက်၌လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယခုတည်ဆောက်မည့် သာကေတတံတားသစ်သည်ပင်မတံတားအရှည် ၂၅၃ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၁၆ ဒသမ ၅ မီတာနှင့် လူသွားလမ်းတစ်ဖက်လျှင် အကျယ်နှစ်မီတာရှိပြီး PC. Extradosed လေးလမ်းသွားတံတားအမျိုးအစားဖြစ်သည်။ တံတားချဉ်းကပ်လမ်းအရှည်မှာ မဂ်လာတောင်ညွန့်မြို့နယ်ဘက်၌ ၁၆၅ မီတာဖြစ်ပြီး ဒေါပုံမြို့နယ်ဘက်၌ အရှည် ၂၀၂ မီတာရှိသည်။

တံတားတစ်စင်းလုံး၏အုတ်မြစ် တံတားတိုင်များနှင့် တံတားအပေါ်ထည်အပိုင်းများအား ဂျပန်နိုင်ငံမှ Consultant ကုမ္ပဏီအဖြစ် တာဝန်ပေးထားသည့် Nippon Koei Co., Ltd . မှ ဂျပန်အင်ဂျင်နီယာများက ဒီဇိုင်းထုတ်ပေးထားခြင်းဖြစ်သည်။

သာကေတတံတားသစ် တည်ဆောက်မှုကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ပြီးစီးမည်ဟုခန့်မှန်းထားရာ ရန်ကုန်မြို့တွင်းနှင့် ဒေါပုံမြို့နယ်တို့မှတစ်ဆင့် ဆက်သွယ်သွားလာမှုလျင်မြန်စေမည့်အပြင် သီလဝါစက်မှုဇုန်အထိ ယာဉ်သွားလာမှုများ လျင်မြန်ချောမွေ့လာစေမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

# သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒရေးရာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၁၉**

သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ကွန်ဖရင့်၏ ပထမနေ့အစီအစဉ်အဖြစ် သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒရေးရာဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် Kempinski Hotel ၌ ကျင်းပရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်တို့က ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က မြန်မာနိုင်ငံသဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာမှ တက်ရောက်လာကြသူများက သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ၎င်းတို့နိုင်ငံ အသီးသီးမှ လက်ရှိဆောင်ရွက်နေသော အလေ့အကျင့်ကောင်းများ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အစိုးရဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟန်ချက်ညီရန် စသည့်အချက်များအပေါ် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။



အဆိုပါ အစည်းအဝေးသို့ တောင်တန်းဒေသများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာဗဟိုဌာန (ICIMOD)မှ ကိုယ်စားလှယ်များ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မိတ္ထီလာမြို့ သီးကုန်း ၂၈၅ မိုင် အရေးပေါ်ရှေးဦးသူနာပြုစုခြင်း စခန်းအဆောက်အအုံသစ် စင်ကာပူနိုင်ငံကြက်ခြေနီအသင်း၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်သွားမည်

**မိတ္ထီလာ မေ ၁၉**

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေး အမြန်လမ်း သီးကုန်း ၂၈၅ မိုင် ယာဉ် ရပ်နားစခန်းအနီးတွင် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံသစ်ကို စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်း၏ လှူဒါန်းငွေကျပ် ၃၅၃ သိန်းကျော်ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးနေဦးထံမှ သိရသည်။



"ဒီနေ့ မေ ၁၉ ရက် နံနက်ပိုင်းမှာ သီးကုန်း ၂၈၅မိုင် အရေးပေါ် ရှေးဦးသူနာပြုစုခြင်း စခန်းအဆောက်အအုံသစ် ဆောက်လုပ်ဖို့အတွက် မြေနေရာ ပန္နက်ရိုက်ခြင်းကို စတင်ဆောင်ရွက်ပါတယ်။ မိုင်တိုင်အမှတ် ၁၈၄ နဲ့ ၂၈၅ အကြား မန္တလေးက ရန်ကုန်ဘက်သွားတဲ့လမ်းအနီးမှာ ဆောက်လုပ်မှာဖြစ်ပါတယ်။ မြေနေရာအကျယ်အဝန်းက ပေ ၁၅၀ ပတ်လည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှတစ်ဆင့် စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းက လှူဒါန်းတဲ့ ငွေကျပ် ၃၅၃၃၃၉၁၈၈ နဲ့ ဆောက်လုပ်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

မိတ္ထီလာ ၂၈၅ မိုင် သီးကုန်းယာဉ်ရပ်နားစခန်းအရေးပေါ် ရှေးဦးပြုစုခြင်း စခန်းအဆောက်အအုံသစ်ကို သံမဏိကိုယ်ထည် ဖရိန်များဖြင့် တည်ဆောက်မည်ဖြစ်ကာ အလျား ၆၁ ပေ၊ အနံ ၃၆ ပေ သွပ်မိုးအုတ်ကာ အဆောက်အအုံအမျိုးအစားဖြစ်ပြီး ခြောက်လခန့်ဖြင့် ပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း တာဝန်ယူဆောက်လုပ်မည့် ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးစိုးအောင်ထံမှ သိရသည်။

မိတ္ထီလာ ၂၅၈ မိုင် ယာဉ်ရပ်နားစခန်း၌ ယာယီအရေးပေါ် ရှေးဦးပြုစုစခန်းကို ရန်ကုန်မှ မန္တလေးဘက်သို့ သွားရာလမ်းဘက်အခြမ်း၌ ၂၀၁၃ ခုနှစ် ဇူလိုင် ၂ ရက်က စတင်ဖွင့်လှစ်၍ ယနေ့အချိန်အထိ အမြန်လမ်းပေါ်တွင်ဖြစ်ပေါ်ခဲ့သည့် ယာဉ်မတော်တဆမှု ၉၆ ခုမှ သေဆုံးလူနာ ၃၁ ဦး၊ ထိခိုက်ဒဏ်ရာရ လူနာ ၂၄၂ ဦးတို့ကို အရေးပေါ်ကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မိုးရွာစဉ် ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ်ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-

- (၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
- (၂) မော်တော်ယာဉ်များ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
- (၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
- (၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
- (၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
- (၆) ဘရိတ်ကိုရုတ်တရက် မနင်းပါနှင့်။
- (၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
- (၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
- (၉) မိုးသည်းထန်စွာ ရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
- (၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါ စည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


"လှိုက်လှဲစွာ အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း"

(၂၀၁၅) ခုနှစ်၊ နေပြည်တော်၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် "JKL" "JEWEL KO LAY" ရတနာကိုလေး ကုမ္ပဏီလီမိတက်၊ "JKL"အဆင့်မြင့် လူသုံးကုန်ပစ္စည်းနှင့် ထုပ်ပိုးကုန်စက်ရုံအတွက် အသေးစားစီးပွားရေးကုန်ထုတ်လုပ်မှု နိုင်ငံ့စွမ်းဆောင်ရည် "ဒုတိယဆု" ဆွတ်ခူးရရှိခြင်းကို လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အကျိုး ဆထက်ထမ်းပိုး အကျိုးပြုဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးမျိုးခင် + ဒေါ်ခင်ဝင်းတင့်(ဖော်အဲဗား ဆိုင်းဘုတ်လုပ်ငန်း)
ဦးအောင်အောင် + ဒေါ်ရွှေပွင့်(ရီရီ စတိုးနှင့် ဓာတ်ပုံတိုက်)
ဦးကျော်စံ + ဒေါ်ဝါဝါစိုး(ဒိုင်းမွန်း နီယွန်နှင့် ဆိုင်းဘုတ်လုပ်ငန်း)
ဦးခင်မောင်ဝင်း + ဒေါ်ရီရီ
ဦးခင်မောင်အေး + ဒေါ်သီသီ
(ဦးမောင်မောင်) + ဒေါ်သန်းန
ဦးဝင်းမြင့် + ဒေါ်နီနီထွန်း(USA)
ဦးထွန်း + ဒေါ်မြင့်မြင့်အေး(ချယ်ရီထွန်းအထည်ဆိုင်)
ဦးကံသောင်း + ဒေါ်စီစီ(ဆဲဗင်းဒေးစတိုး)
ဦးမောင်သန်း + ဒေါ်တင်တင်လှ(Virgin Lady Fashion)

# ရွှေတိဂုံပုံတူ မဟာကနကစွယ်တော်ပွားစေတီတွင်ပူဇော်မည့် စွယ်တော်ပွားနှစ်ဆူ၊ စိန်ဖူး၊ ငှက်မြတ်နားနှင့် ရွှေထီးတော်များ မြဝတီမြို့ရောက်ရှိ

မြဝတီ မေ ၁၉

**ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သီဟာသန ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ မဟာကနက စွယ်တော်ပွားစေတီတော်မြတ်တွင်ပူဇော်မည့် စွယ်တော်ပွားနှစ်ဆူ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ မေ ၁၇ ရက်က ကော့ကရိတ်မြို့မှ မြဝတီမြို့သို့ ပင့်ဆောင်ရောက်ရှိခဲ့ကြောင်း သိရသည်။**

ထိုသို့ပင့်ဆောင်လာရာ အမှတ်(၂၇၅) တပ်ဦးကျောင်း၊ မြို့နယ်သံဃနာယကဉက္ကဋ္ဌ ဆရာတော် ဒေါက်တာပညာနန္ဒ ဦးဆောင်သော ဆရာတော်၊ သံဃာတော်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်ရွတ်အသင်းအဖွဲ့များက သက်န်းညီနောင်ကျေးရွာမှ သွားရောက် ကြိုဆိုပင့်ဆောင်လာခဲ့သည်။

အဆိုပါ စွယ်တော်ပွားနှစ်ဆူ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များအား သက်န်းညီနောင်ကျေးရွာတွင် ခေတ္တအပူဇော်ခံတော်မူပြီး ယာယီကိန်းဝပ်စံပယ်တော်မူမည့် ရွှေမြင်းဝန်စေတီတော် သာသနာ့ဟိတကာရီဗိမာန်တော်သို့ ပင့်ဆောင်လာရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်ဇနီးနှင့် ဌာနဆိုင်ရာများ သာသနာ့ဟိတကာရီဗိမာန်တော်သို့ ဆက်လက်ကြိုဆို ပင့်ဆောင်လာခဲ့သည်။



အဆိုပါ ရွှေတိဂုံပုံတူ မဟာကနကစွယ်တော်ပွားစေတီတော်မြတ်ကြီး၏ ဌာပနာသွင်းမင်္ဂလာတော်ကို မေ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကို မေ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အခြေခံလူတန်းစားခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန် ကပရမှ အဆင့်မြင့်ခရီးသည်တင်ယာဉ်များ မကြာမီပြေးဆွဲပေးမည်

**သတင်း**
**တင်မောင်လွင်(မြန်မာ့အလင်း)**

**နေပြည်တော် မေ ၁၉**

ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် အခြေခံလူတန်းစားများဖြစ်သည့် ခရီးသွားပြည်သူများ စရိတ်စက သက်သာစွာဖြင့် အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရန် မကြာမီကာလအတွင်း အဆင့်မြင့်ခရီးသည်ယာဉ်သစ်များကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

"ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ အဓိကကတော့ ပြည်သူလူထုကို ဝန်ဆောင်မှုပေးဖို့အတွက်ပါ။ အကျိုးအမြတ်က အဓိကမဟုတ်ပါဘူး။ နောက်တစ်ခုက ပြင်ပပုဂ္ဂလိကပိုင်ကားတွေ ဈေးနှုန်းကြီးမြင့်နေမှုကို ထိန်းညှိပေးတဲ့သဘောလည်း ပါတယ်။ အဲဒီလိုဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ကျွန်တော်တို့ဌာနက ဂျာမနီနည်းပညာနဲ့ပြုလုပ်ထားတဲ့ အဆင့်မြင့်ခရီးသည်တင် ပို့ဆောင်ရေးယာဉ်အသစ်တွေကို မကြာမီ တိုးချဲ့ပေးမှာဖြစ်ပါတယ်။ ပြည်ပကနေ အခုလ ၂၅ ရက်နေ့လောက် သင်္ဘောတင်မယ်။ ကျွန်တော်တို့ဆီရောက်ပြီဆိုတာနဲ့ စတင်ပြေးဆွဲဖို့ စီစဉ်တော့မှာပါ။ ဂျာမနီကထုတ်လုပ်တဲ့ တန်ဖိုးကြီးတဲ့ အဆင့်မြင့်ခရီးသည်တင် ၁၈ စီးကို အသုတ်လိုက်ခဲ့ပြီး သုံးလအတွင်း ကျွန်တော်တို့ဆီ တင်သွင်းမှာပါ" ဟု ပို့ဆောင်ရေးဝန်ကြီးဌာန၌ မေ ၁၈ ရက်ကကျင်းပသည့် ဝန်ကြီးဌာန၏အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် သတင်းမီဒီယာသမားနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက ပြောကြားခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးဌာနအနေဖြင့် ခရီးသည်များသွားလာမှု အဆင်ပြေစေရန် သက်သက်သာသာ ဈေးနှုန်းများဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုလက်ရှိ နေပြည်တော်-ရန်ကုန်-နေပြည်တော် ခရီးစဉ်ကို တစ်ပတ်လျှင် တစ်ကြိမ်၊ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ရိုးရိုးခရီးသည်တင်ယာဉ် ငါးစီးဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"အခု နေပြည်တော်မှာ ဝန်ထမ်းတွေများတယ်။ အထူးသဖြင့် ရန်ကုန်ကလာပြီး တာဝန်ထမ်းဆောင်နေရတဲ့ဝန်ထမ်းတွေများတော့ သူတို့မိသားစုဆွေမျိုးသားချင်း မိဘများနဲ့ သွားတွေ့ကြတဲ့အခါ အဆင်ပြေအောင် အခုလို စီစဉ်ပေးခြင်းဖြစ်ပါတယ်။

"ဈေးနှုန်းကလည်း နေပြည်တော်-ရန်ကုန်ကို အသက်အာမခံကြေးငွေကျပ် ၃၀၀ အပါအဝင် လူတစ်ဦးငွေကျပ် ၃၅၀၀ နှုန်း သတ်မှတ်ပြီး ပြေးဆွဲပေးနေတယ်။ တနင်္ဂနွေပြန်လာတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ စုစုပေါင်းကား ငါးစီးထွက်ပေးတယ်။ ရပ်လည်းအတူတူရပ်တယ်။ တစ်စီးအဆင်မပြေရင် ကျန်တဲ့လေးစီးနဲ့ အဆင်ပြေအောင် ညှိတင်ပေးပြီး ဆွဲပေးတယ်။ ရန်ကုန်ရောက်တော့လည်း ကားကွင်းကနေ တက္ကစီခမကုန်အောင် စီစဉ်ပေးတယ်။ အဲဒီတော့ ခရီးသွားပြည်သူတွေလည်း သွားရလာရတာ အဆင်ပြေကြမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုထပ်မံရောက်ရှိမည့် အဆင့်မြင့်ခရီးသည်တင်ယာဉ်များအနက် ယခုလကုန်တွင် လေးစီးရောက်မည်ဖြစ်ပြီး မကြာသေးမီက တစ်စီးရောက်ရှိခဲ့ပြီးဖြစ်ကြောင်း ဇွန်လပထမပတ်အတွင်း စတင်ပြေးဆွဲနိုင်ရန် စီစဉ်ထားကြောင်း၊ လောလောဆယ် ဈေးနှုန်းသတ်မှတ်ထားခြင်း မရှိသေးသော်လည်း မများသောဈေးနှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ပေးမည့်နေရာများကို အတိအကျမပြောနိုင်သေးကြောင်း ၎င်းက ရှင်းလင်းပွဲတွင် ထပ်မံပြောကြားသည်။

# QAA အသိအမှတ်ပြု ပထမဆုံးပုဂ္ဂလိကတက္ကသိုလ်ဖြစ်လာသည့် ဗစ်တိုးရီးယားယူနီဗာစီတီကောလိပ်

**ရန်ကုန် မေ ၁၉**

ဗြိတိန်အစိုးရ၏ University of Wolverhampton သည် မြန်မာနိုင်ငံရှိ Victoria University College နှင့်ပူးတွဲပြီး Business, Engineering, Health and Social Care စသည့်ဘာသာရပ်များ၏ Honours Degree အဆင့်သင်ကြားရန် ၂၀၁၄ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ စတင်ရေးထိုးခဲ့ပြီး ဗြိတိန်နိုင်ငံတက္ကသိုလ်များ၏ အရည်အသွေးကိုစိစစ်သည့် Quality Assurance Agency က Victoria University College သို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် လာရောက်စိစစ်ခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက်တွင် ယင်းတက္ကသိုလ်ကို ဗြိတိန်တက္ကသိုလ်အဆင့် ဒီဂရီပို့ချနိုင်သော အရည်အသွေးမီတက္ကသိုလ်အဖြစ် အသိအမှတ်ပြုခဲ့ကြောင်း သိရသည်။

Victoria University College တွင် ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် ပညာဆည်းပူးလျက်ရှိသည်။ ထိုတက္ကသိုလ်သည် ဗြိတိန်နိုင်ငံ Business and Technology Education Council, သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန HRDC နှင့် Public Private Partnership ပညာရေးပူးတွဲဆောင်ရွက်မှုစာချုပ်ကို ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူများအနေဖြင့် Victoria University College ၏ HND သင်တန်းများသို့ စတင်လျှောက်ထားနိုင်သည်။ HND အောင်မြင်ပြီးသော မည်သည့်စင်တာမှ ကျောင်းသားကျောင်းသူများဖြစ်စေ ဤတက္ကသိုလ်ရှိ Honours Degree များ တိုက်ရိုက်ချိးမြှင့်မည့်သင်တန်းများသို့ တက်ရောက်ခွင့်ရှိကြောင်း သိရသည်။

Victoria University College ၏ ကျောင်းသားရေးရာဌာနကို ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ် ၁၆၆ MMB Tower တွင် ဖွင့်လှစ်ထားရှိပြီး စုံစမ်းမေးမြန်းလိုပါက ဖုန်း ၀၁- ၃၈၃၁၃၂၊ ၀၁-၃၈၃၁၃၃၊၀၁- ၅၅၆၃၈၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ရွှေဆောင်(၁) ၀၁-၂၅၂၁၃၃ ၀၁-၃၈၈၀၃၄ | မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၈၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀ | မင်္ဂလာဒိုင်းမွန်း ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂
၂၂.၅.၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြမည်




နေပြည်တော်(၁၊၂) ဖုန်း - 251277 251288 | မင်္ဂလာ (၂) ဖုန်း - ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၈၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀ | မင်္ဂလာဒိုင်းမွန်း ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ (မြိတ်)
၂၂.၅.၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြမည်



# စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးဝ-တမူးကားလမ်းပေါ်မှ ဝါးရဲချောင်းတံတား

**စစ်ကိုင်း မေ ၁၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာနမှ တံတားအထူးအဖွဲ့ (၁၁) သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကလေးဝ-ကျီကုန်း-တမူးလမ်းပေါ်၌ အလျား ပေ ၂၉၀ ရှိ ဝါးရဲချောင်းတံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ ရရှိရန်ပုံငွေကျပ် သန်း ၇၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ရရှိရန်ပုံငွေကျပ် ၁၈၆ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၈၈၆ သန်းဖြင့် တည်ဆောက်ပြီးစီးခဲ့ရာ အများပြည်သူအသုံးပြုရန် ခွင့်ပြုခဲ့သည်။

ဝါးရဲချောင်း တံတားသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ကလေးဝ-ကျီကုန်း-တမူးလမ်းပေါ်ရှိ ဝါးရဲချောင်းပေါ်၌ တည်ဆောက်ထားသော အလျား ပေ ၂၉၀၊ အကျယ် ၂၉ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ရှိ ကွန်ကရစ်တံတား တစ်စင်းဖြစ်ပြီး ကားတစ်စီးချင်း တန် ၆၀ ခံ တံတားဖြစ်သည်။

တံတားအထူးအဖွဲ့ (၁၁)သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဝါးရဲချောင်းတံတား အပါအဝင် သက္ကယ်ကျင်း -ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ ခြသေ့်ချောင်းတံတား၊ နန်ထိန်ကွင်းတံတား၊ ကိုးတန်ချောင်းတံတား၊ ကျွန်းလှချပ်သင်း-ကောလင်းလမ်းပေါ်ရှိ တံတားအမှတ် (၁/၂၆) ရေဦး-ကလေးဝလမ်းပေါ်မှ ချင်းတွင်းတံတား(ကလေးဝ)၊ ရေဦး-ကလေးဝ လမ်းပေါ်ရှိ တံတားအမှတ် (၃/၅) မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းပေါ်ရှိ မြစ် ကျတံတားနှင့် တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် တောင်မော်-ကောလင်း-ဝင်းကြီးလမ်းပေါ်ရှိ တံတားအမှတ် (၁/၆) ကသာ-အင်းတော်-မံစီလမ်းပေါ်ရှိ တံတားအမှတ် (၂/၆) ဆင်ကုန်း-ဝန်းသို-ပင်လည်ဘူးလမ်းပေါ်ရှိ(၄/၉) နတ်ချောင်းတံတား တည်ဆောက်ခြင်း လုပ်ငန်းတို့ကို တည်ဆောက်လျက်ရှိသည်။




ဝါးရဲချောင်းတံတားကို တွေ့ရစဉ်။

## ယာဉ်ကြောအပြည့်လမ်းခင်းပေး၍ လိုင်းကားများမောင်းနှင်ရာတွင် အဆင်ပြေမှုရှိလာ

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြို့တွင်း တစ်လမ်းမောင်း အနော်ရထာ လမ်းမကြီးပေါ်တွင် ခရီးသည်တင်ယာဉ် သီးသန့်လမ်းကြောင်းအဖြစ် ကပ်တုံးများကို ယာဘက်အစွန် ယာဉ်ကြောတွင် ၂၀၁၄ နှစ်ကုန်ခန့်က ချထားပေး၍ စမ်းသပ်အကောင်အထည်ဖော်ခဲ့သည်။ ယာဉ်ကြောတစ်ကြောစာ သီးသန့်မောင်းနှင်ရသဖြင့် လမ်းဆုံများအတွင်း လမ်းသားများတွင် လမ်းသားမညီညာမှုနှင့် ချိုင့်များ၊ ကမူများဖြစ်ပေါ်လာခဲ့သည်။ အထူးသဖြင့် (၅၀) မှတ်တိုင် မဟာဗန္ဓုလ ပန်းခြံလမ်းမှ မှတ်တိုင်ဝန်းကျင်တို့တွင် ဆိုးရွားစွာမြင်တွေ့နေရသည်။

သက်ဆိုင်ရာမှ ယင်းလမ်းကြောင်းအတွင်း စက်ယန္တရားများဖြင့် လမ်းခြစ်ညှိပေးရာ ကပ်တုံးများ ဖယ်ရှားလုပ်ဆောင်ခြင်းမရှိသဖြင့် မေလဆန်းတွင် လမ်းသားများ ညီလာလာသော်လည်း ကပ်တုံးတန်းနေရာတွင် ကတ္တရာတောင်ပို့တန်းများ မြင်တွေ့နေရဆဲဖြစ်သည်။ မေလလယ်တွင် ကပ်တုံးများ ဖယ်ရှားပြီး အဆိုပါလိုင်းကားသီးသန့် ယာဉ်ကြောများကို ကတ္တရာခင်းကျင်းပေးနေသည်ကို မြင်တွေ့နေရသည်။ ဗိုလ်တထောင်ဘုရားလမ်းမှ ဗိုလ်အောင်ကျော်လမ်းအကြား အနော်ရထာလမ်းမ၏ ခရီးသည်တင်ယာဉ်ကြောမှာ ကတ္တရာအသစ်ခင်းကျင်းပြီး ပြေပြစ်မှုရှိလာပြီး လမ်းကပ်တုံးများ ပြန်လည်စီတန်း ချထားသည်ကို မြင်တွေ့လာရသည်။

မေ ၁၈ ရက်နံနက်ပိုင်းက ဗိုလ်အောင်ကျော်လမ်းနှင့် ပန်းဆိုးတန်းလမ်းကြားအနော်ရထာလမ်းပိုင်း၏ ခရီးသည်တင်ယာဉ် သီးသန့်လမ်းကြောင်းမှာ ကတ္တရာအသစ်ခင်းကျင်းပြီးသည်ကို မြင်တွေ့ရပြီး ကပ်တုံးများ စီတန်းချထားမှုမရှိသေးဘဲ လမ်းဘေးတွင် ခေတ္တဖယ်ရှားထားသည်ကို မြင်တွေ့ရသည်။ ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းအကြားအပိုင်း ဆက်လက်၍ ကတ္တရာအသစ်ခင်းနေသည်ကို မြင်တွေ့ရသည်ဟု တက္ကစီယာဉ်မောင်း ကိုတိုးဝင်းက ပြောသည်။

အလားတူ လမ်းသားပြေပြစ်မှု မရှိသော ဘုရင့်နောင်ခုံးကျော်တံတား ဒုတိယလွှာ (အောက်လွှာ)၏ အင်းစိန်ဘက်မှ ရန်ကုန်ဘက်သို့သွားသော ယာဉ်ကြောပေါ်တွင် စက်ယန္တရားဖြင့် လမ်းသားများ ခြစ်ညှိခင်းကျင်းပေးသည်ကို မေ ၉ ရက်က မြင်တွေ့ရပြီး ယင်းယာဉ်ကြောတွင် လမ်းသားပြေပြစ်မှုရှိလာသည်။ သို့သော် မြို့ထဲမှ အင်းစိန်ဘက်သို့သွားသော ယာဉ်ကြောဘက်ခြမ်းတွင် လမ်းသားများ ပြေပြစ်မှုမရှိဘဲ ယာဉ်များ ဖြတ်သန်းမောင်းနှင်ရာတွင် အခက်အခဲရှိနေသေးသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းတွင် အလုပ်လုပ်ကိုင်နေသော လုပ်ငန်းရှင် ဦးကိုနိုင်က ပြောသည်။

**ခင်ဆိုင်**



## ရွှေဘိုမှာမိုးရွာပြီ

**ရွှေဘို မေ ၁၉**

မြန်မာနိုင်ငံအောက်ပိုင်းဒေသ တော်တော်များများတွင် မိုးရွာသွန်းနေပြီဖြစ်သော်လည်း အလယ်ပိုင်း မိုးနည်းဒေသဖြစ်သည့် ရွှေဘိုမြို့နှင့် ပတ်ဝန်းကျင်ဒေသတို့တွင် ယခုကဲ့သို့ မေလအတွင်း၌ မိုးရွာသွန်းရန် အခွင့်အရေး နည်းလှသည်။ အထူးသဖြင့် ရွှေဘိုအရှေ့ဘက်ဒေသကျေးရွာများဖြစ်သည့် ပဂိုးကုန်း၊ မင်းကျောင်း၊ ဆင်းကွပ်၊ မဘေး၊ တအုံ၊ အုံးပေါက်၊ ကပြူ၊ ရွှေကူ၊ တံခွန်တိုင်စသည့် ကျေးရွာ ၁၅ ရွာခန့်တို့သည် မိုးကောင်းတောများ (မိုးရွာမှ စိုက်ရပျိုးရသောဒေသများ) ဖြစ်ကြသည့်အားလျော်စွာ မိုးကိုသာမျှော်ရသော ကျေးလက်ဒေသများဖြစ်ကြသည်။

မေ ၁၈ ရက်မှစ၍ ရွှေဘိုမြို့ တောင်ဘက်၊ အရှေ့ဘက်နှင့် မြောက်ဘက်ဒေသတို့တွင် မိုးများရွာသွန်းခဲ့သည်။ ယခုရွာသွန်းလိုက်သော မိုးရေချိန်မှာ နှစ်လက်မခန့်ရှိပြီး မုတ်သုံမိုးမဟုတ်ဘဲ ဟိမဝန္တာနှင့် တောင်တရုတ်ပင်လယ်တို့မှလာသော ရေခိုးရေငွေ့ပါသည့်လေထုမှရွာချကြောင်း ရွှေဘို မိုးလေဝသနှင့်ဇလဗေဒဌာန စခန်းတာဝန်ခံဦးစီးမှူး ဦးညို၏ပြောကြားချက်အရ သိရသည်။

မိုးရွာသွန်းမှုကြောင့် ရွှေဘိုမြို့နှင့် ပတ်ဝန်းကျင်ဒေသတို့တွင် အပူချိန်များ လျော့ကျသွားပြီး ကျေးလက်ဒေသတို့မှ တောင်သူများသည် ထွန်ရေး၊ ထယ်ရေး ငင်နိုင်ပြီဖြစ်သဖြင့် ပျော်ရွှင်ဝမ်းမြောက်နေကြသည်။ **(ဝ၅၀)**

**အခွန်တာဝန်ကျေပွန်သူ ကျေးဇူးတင်ကြ တို့ပြည်သူက**


**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နေပြည်တော်ကောင်စီနယ်မြေ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် မေ ၂၈ ရက် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရန် ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ဓာတ်ခွဲခန်းသုံးပစ္စည်းများ | ၅၂ မျိုး |
| ၂။ | ရုံးသုံးစက်ပစ္စည်းများ | ၁၁ မျိုး |
| ၃။ | မီးဖိုချောင်သုံးပစ္စည်းများ (စတီးထမင်းပေါင်းအိုးနှင့်အိုးခွက်များ) | ၆၀၀ ဦး အတွက်ချက်ပြုတ်ရန် |
| ၄။ | ပရိဘောဂများ | ၇ မျိုး |

၂။ တင်ဒါပုံစံ၊ စံချိန်စံညွှန်းများ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို အောက်ပါလိပ်စာများနှင့် ဖုန်း-၀၆၇-၄၁၆၅၂၆၊ ၀၆၇-၄၁၆၅၂၅၊ ၀၆၇-၄၁၆၅၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါကြောင်းနှင့် မွေးရေ/ကျေးလက် facebook နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www. uvsyezin.edu.mm တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**
**Open Tender ခေါ်ယူခြင်း**

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်းဖွင့်လှစ်မည့် အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အောက်ပါလုပ်ငန်းများအား Open Tender များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ကျောင်းဝင်းအတွင်း 33/ 0.4KV 1500 KVA Substation တပ်ဆင်ခြင်း

(ခ) ကနေဒီခွဲရုံမှ ကျောင်းဝင်းအတွင်း Substation အထိ မီးလိုင်းများ သွယ်တန်းခြင်း

(ဂ) လက်ရှိကျောင်းဝင်းအတွင်းရှိ 500 KVA Substation အားနည်းပညာနှင့် သက်မွေး၏ပညာဦးစီးဌာန၊ တောင်ပိုင်းရုံးခွဲ၊ ရုံးဝင်းအတွင်းပြောင်းရွှေ့ခြင်း

၂။ Open Tender ပုံစံများကို ၁၉-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၉-၆-၂၀၁၅ရက် နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၁၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်တော်ယာဉ်သုံးတာယာများ၊ စာရေးကိရိယာပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့်ကွန်ပျူတာဆက်စပ်ပစ္စည်းများဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအတွက် လိုအပ်နေသောမော်တော်ယာဉ်သုံးတာယာများ၊ စာရေးကိရိယာပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများအား ဝယ်ယူလိုပါသည်။

၂။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်တွင် ၂၀-၅-၂၀၁၅ရက်မှစ၍ တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပြီး ၁၉-၆-၂၀၁၅ရက်ညနေ ၃နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် မော်တော်ယာဉ်သုံးတာယာများ၊ စာရေးကိရိယာပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ရုံးအမှတ်(၁၅)၊နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၀၁၄၊၀၆၇-၄၁၀၁၄၉**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မချယ်ရီဝင်း ၁၃/တကန(နိုင်) ၃၃၄၅၄၉ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၆၃၈၈၂**

**တိုက်ခန်းကျယ်ရောင်းမည်**
ရန်ကင်းမြို့နယ်၊MBR 1, BR 2၊
အဆင့်မြင့်ပြင်ဆင်ပြီး
(1200 sqft)
**Ph : 09-5044926**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/8179 ၏ ဖောင်းကြွပျောက် နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/6391 ၏ ဖောင်းကြွပျောက် နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ပဲခူးမြို့၊ ဆိုရှယ်လစ် (၉)လမ်း၊ ၁၁၈၇ နေ ဦးကျော်ဌေး၏သား မောင်ပိုင်သ ၇/ပခန(နိုင်)၂၉၈၂၂၉ အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ **ဦးကျော်ဌေး ၇/ပခန(နိုင်)၁၃၁၂၅၃**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ် ခရီးသွားမော်တော်ယာဉ်များအား အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်နေသည့် ဆိုင်ကယ်များကို အရေးယူ

**နေပြည်တော် မေ ၁၉**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ် မိုင်တိုင်အမှတ် ၀/၅ အနီး၌ ဆိုင်ကယ်သုံးစီးက ခရီးသွားမော်တော်ယာဉ်များအား စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ မေ ၁၆ ရက် ညက လှည့်ကင်းတာဝန် ဆောင်ရွက်နေသော အမှတ်(၃) အမြန်လမ်းမကြီး ရဲစခန်းက ရဲအုပ်အောင်သင်းဦး ဦးစီးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဇာနည်ဖြိုး(၁၉ နှစ်) အောင်သုခ(၃)လမ်း မြို့မ(၃)ရပ်ကွက် ပဲခူးမြို့နယ်၊ ကျော်ကျော်မင်း(၂၀ နှစ်) အောင်သုခ(၃)လမ်း မြို့မ(၃)ရပ်ကွက် ပဲခူးမြို့နယ်နှင့် ရဲမင်းထွန်း(၁၉နှစ်) ဂန္ဓမာလမ်း မြို့မတိုးချဲ့(၁/၂)ရပ်ကွက် ပဲခူးမြို့နယ်နေသူ သုံးဦးကို ၄င်းတို့စီးနင်းမောင်းနှင်သော ဆိုင်ကယ်သုံးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းက လမ်းမကြီးများ ဥပဒေအရ အရေးယူထားကြောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ ကီလို ၁၀၀ အထိ မောင်းနှင်ခွင့်ပြုထားသော လမ်းမကြီးဖြစ်ရာ ယာဉ်မတော်တဆမှုများမဖြစ်ပေါ်စေရေးအတွက် အလားတူဖြစ်စဉ်များအပေါ် အမြန်လမ်းမကြီးရဲတပ်ဖွဲ့က ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားရှိသည်။ **(မြန်မာ့အလင်း)**

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ (၂၅)ရက် မှ (၃၁)ရက်ထိ
နိုင်ငံတော်၏အနာဂတ်လှပဖို့၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်ဖို့
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

# မိုးရာသီပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရေးတွေ့ဆုံညှိနှိုင်း

**တောင်ငူ မေ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး သိရိရတနာခန်းမ၌ မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက တောင်သူလယ်သမားများ၏ ဝင်ငွေ နှစ်ဆတိုးတက်ပြီး လူမှုဘဝမြှင့်တင်ရေး၊ စားရေးရိက္ခာဖူလုံရေး "တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ" ပါအချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်က ရေတော် မိုးတော်စပါးစိုက်ဧရိယာများ၌ စပါးတစ်ဧကအထွက်နှုန်း သိသာစွာတိုးတက်ထွက်ရှိရေး၊ ရေမြေအခြေအနေပေးသော မြို့နယ်၊ ကျေးရွာအုပ်စုများတွင် ပုလဲသွယ်စိုက်ပျိုးမည့် အစီအစဉ်များနှင့် နည်းပညာများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၁၁၅)

# မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် မေ ၁၉**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၂၀)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မေ ၁၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ နာယက အကြံပေး ပညာရှင် စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါက်တာ ဒေါ်ရီရီမြင့်၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်လှဝတီတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ဝင် အစီရင်ခံစာကို အထွေထွေအတွင်းရေးမှူး ဒေါ်နှင်းဝေက လည်းကောင်း၊ နှစ်ချုပ် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးအကြံပေး ဒေါ်ခင်ဌေးယုကလည်းကောင်း ဖတ်ကြားတင်ပြပြီး အသင်း စတင်တည်ထောင်ခဲ့စဉ်တွင် ပါဝင်ခဲ့ကြသောသူများနှင့် အသက် ၇၀ နှစ်အထက် သက်ကြီးဝါကြီးများအား ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ချင်းတွင်းမြစ်ရေ ကျဆင်းမှုကြောင့် ရေကြောင်းသွားလာမှု တစ်နှစ်ထက်တစ်နှစ် ခက်ခဲလာ

**ကလေးဝ မေ ၁၉**

ချင်းတွင်းမြစ်ရေသည် ယခင်နှစ်များထက် ရေကျဆင်းမှုများကြောင့် မြစ်အတွင်း သွားလာကြသော အမြန်ရေယာဉ်များနှင့် ကုန်တင်စက်လှေကြီးများ၊ သစ်ဖောင် ဝါးဖောင်များ သွားလာရေး ခက်ခဲလာကြောင်း သိရသည်။

"မြစ်ရေက အရင်နှစ်တွေကထက် တစ်စတစ်စ နည်းနည်းလာတယ်။ တချို့နေရာတွေဆို မြစ်ကကျဉ်းပြီး ရေကလည်းတိမ်လာတယ်၊ နောက်ပြီးတော့ သဲသောင်ထွန်းမှုတွေလည်း ပိုပြီးတွေ့လာရတယ်။ သိသာထင်ရှားတဲ့ ရေကြောင်းပါးမှုတွေကတော့ သင်တောကျေးရွာ အောက်ဘက်နားတွေရယ်၊ ကနီမြို့နယ် မဲတင်ကျေးရွာတွေမှာ ပိုပြီးဆိုးပါတယ်" ဟု အမြန်ရေယာဉ်မှ ရေယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

"ချင်းတွင်းမြစ်က မတ်လကုန် ဧပြီလအတွင်းမှာဆို တော်တော်လေးကို ရေကြောင်းပါးခဲ့ပါတယ်၊ မင်းကင်းမြို့ ပထိုးလုံးအောက်ဘက်ဆိုရင် ခရီးသည်တွေ အမြန်ရေယာဉ်ပေါ်ကဆင်းပြီး မြစ်အတွင်း ခြေကျင်လျှောက်ခဲ့ရတာပါ၊ အခုမှ မိုးလေးနည်းနည်းရွာလာလို့ ရေကြောင်းက ပြန်ကောင်းလာတဲ့သဘောပါ" ဟု ကလေးဝ စက်လှေအသင်းဥက္ကဋ္ဌ ဦးချစ်သန်းက ပြောကြားသည်။



ချင်းတွင်းမြစ်ရေ အတက်အကျနှင့်ပတ်သက်၍ ကလေးဝမြို့ မိုးလေဝသဌာနကို မေးမြန်းရာတွင် "၂၀၁၄ မေ ၁၉ ရက် မွန်းတည့် ၁၂ နာရီတိုင်းတာချက်မှာ ၃၁၀ စင်တီမီတာ ရှိပါတယ်။ ဒီနှစ် ၂၀၁၅ မေ ၁၉ ရက် မွန်းတည့် ၁၂ နာရီတိုင်းတာချက်မှာ ၁၆၆ စင်တီမီတာ ရှိပါတယ်၊ ထက်ဝက်လောက်အထိ ကျတဲ့သဘောပါ။ ကျွန်တော်တို့ ခန့်မှန်းထားတာကတော့ အခု မေ ၂၀ ရက်ကနေ လကုန်အထိကို မုံရွာ၊ ကလေးဝ၊ မော်လိုက်မြို့တွေမှာ ချင်းတွင်းမြစ်ရေက တစ်ပေကနေ နှစ်ပေအထိ တက်နိုင်ပြီး ဟုမ္မလင်း၊ ခန္တီးမြို့တွေမှာဆို သုံးပေကနေ လေးပေအထိ တက်နိုင်ပါတယ်" ဟု ကလေးဝမြို့ မိုးလေဝသဌာနမှ တာဝန်ရှိသူ ဦးဆွေက ပြောကြားသည်။

**သျှင်နေမင်း**

## လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆုရရှိသော ဦးစိုးပိုင် (ပိုင်မိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီ)အား အထူးဝမ်းသာဂုဏ်ပြုပါသည်။

တိုင်းပြည်အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

ဦးစည်သူ
Managing Director
Smile Myanmar Construction & Engineering Co.,Ltd.




**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ခင်ဇော် ၁၀/ရမန(နိုင်)၁၅၇၇၅၇ ၏ Passport (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၁၈၂၇၀၀

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃၁ယ/၄၄၂၆၉ ဟွန်ဒါဝေ(ဖ်) NS 110 S ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာဦး ၁၀/မလမ(နိုင်)၂၃၅၈၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

**အမည်ပြောင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အောက်လမ်းမကြီး၊ အိမ်အမှတ် (၇၀) ဦးလင်းထင် ၁၀/မလမ(နိုင်)၁၃၁၅၆၈ ၏သမီး အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း တတိယတန်း(အေ)အောင်မှ မရွှေရည်လင်းလက်ထင်အား မအိမ့်ရွှေရည်ထင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအိမ့်ရွှေရည်ထင်

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်မိချို ၁၀/မဒန(နိုင်)၁၀၈၀၇၇ ၏ Passport (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၁၈၂၇၀၀

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဟ/၄၉၈၅ Nifan NFP 200 ZH-2 သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမာမက်ရော်မန် ၁၀/မလမ(နိုင်)၂၄၃၇၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

# စာတတ်ပါမှ လူ့ဘဝ လူဖြစ်ရကျိုးနပ်မည်ပ

**စန်းနီလာဝင်း**

စာမတတ်ပေမတတ် အသိငတ်နေပါက မတ်တတ်ခြောက်သည့် သစ်ပင်ပမာ အသက်ရှင်သန်လျက်နှင့် ပညာမျက်စိမရှိသူများဖြစ်နေကြပြီးဘဝသေသည်နှင့်မခြား အဖြစ်ဆိုးကြရရှာသည်။ ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်သောစာရင်းအရ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် သက်ကြီး ၇၈ သန်းမှာ အရေး၊ အဖတ်၊ အတွက် ဟူသော အခြေခံစာတတ်မြောက်မှု မရှိကြောင်း၊ ကလေးဦးရေ ၅၈ သန်းမှာ အခြေခံမူလတန်းပညာကို မသင်ကြားနိုင်ဘဲ ၆၃သန်းမှာ ကျောင်းပြင်ပတွင် ရှိနေကြကြောင်း၊ ကလေးအရွယ် သန်း ၂၅၀မှာ အခြေခံမူလတန်းပညာကိုပင် ကျွမ်းကျင်စွာ မတတ်မြောက်ကြသေးကြောင်း သိရသည်။

လွန်ခဲ့သည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်နေ့က ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက တစ်ကမ္ဘာလုံး စာတတ်မြောက်ရေးကို အခြေခံလူ့အခွင့်အရေးအဖြစ်သတ်မှတ်ပြီး လူတိုင်းလူတိုင်း ဘဝတစ်လျှောက်လုံး လေ့လာသင်ကြားနိုင်ရေးကို ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့သည်။ မွန်ဂိုလီးယားဒေသရှိ နိုင်ငံအားလုံးကို လွန်ခဲ့သည့် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အခြေခံစာတတ်မြောက်ရေး ကာလအဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၁၅ ခုနှစ် အလွန်တွင် အားလုံးစာတတ်မြောက်ပြီးဖြစ်ရန်ကိုလည်း ကုလသမဂ္ဂကပင် ဆုံးဖြတ်ခဲ့သည်။ လွန်ခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနှင့် အမျိုးသမီးကြီးများ စာတတ်မြောက်ရေးနှင့် ပညာလေ့လာသင်ကြားရေးဆိုင်ရာ ညီလာခံကြီးကိုကျင်းပခဲ့ပြီး စဉ်ဆက်မပြတ် ပညာဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။

ကုလသမဂ္ဂယူနက်စကို (UNESCO) အဖွဲ့ကြီးက မိခင်နှင့် မိန်းကလေးများကို စာတတ်မြောက်လာစေရန် စည်းရုံးလှုံ့ဆော်လျက်ရှိသည်။ သာဓကအားဖြင့် အာဖရိကနိုင်ငံတစ်နိုင်ငံ ဖြစ်သော မာလီနိုင်ငံ၌ ကျေးရွာများတွင် မိန်းကလေးများ မူလတန်းပညာသင်ယူစေရန် ကဗျာ၊ ပုံပြင်၊ သီချင်းများဖြင့် ရေဒီယိုမှ လှုံ့ဆော်စည်းရုံးလျက်ရှိရာ မိန်းကလေးများစွာ မူလတန်းပညာသင်ကြားပြီး နောင်လာမည့် မျိုးဆက်သစ်တွင် မိန်းကလေးတိုင်း စာသင်ကြားကြမည့် အလားအလာကောင်းများကို တွေ့ရှိရသည်။

လွန်ခဲ့သည့် ၂၀၀၀ ပြည့်နှစ်က ကုလသမဂ္ဂက "အားလုံးအတွက် ပညာရေး" (Education For All) ဟူသော ဆောင်ပုဒ်ကို ချမှတ်ကာ စတင်ဆောင်ရွက်လာခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ အားလုံးအတွက် ပညာရေးဆိုသည်မှာ ကလေး၊ လူငယ်နှင့် လူကြီးအားလုံးအတွက် လိုအပ်သော ပညာရေးဖြစ်ပြီး ကလေးတိုင်းအခြေခံလိုအပ်သည့် ပညာသင်ယူနိုင်ရေးနှင့် မူလတန်းပညာကို မဖြစ်မနေသင်ကြားရေး ၊ သက်ကြီးစာမတတ်သူ လျှော့နည်းပပျောက်ရေးတို့ပင်ဖြစ်သည်။ ၁၉၉၂ ခုနှစ်တွင် စာဖတ်တတ်စ အမျိုးသမီးငယ်လေးများ စာမပြတ်ဖတ်ရှုနိုင်ရန် စာဖတ်ရှုန်မြင့်တင်ပေးသည့် စာစောင်များစွာ ထုတ်ဝေဖြန့်ချိပေးခဲ့သည်။

အာဖရိကနိုင်ငံများမှ ကျေးရွာများတွင် စာတတ်မြောက်လာကြသည့် ဆယ်ကျော်သက်အရွယ် အမျိုးသမီးများသည် အိမ်ထောင်စောစောမပြုတော့ဘဲ အိမ်ထောင်ပြုလျှင်လည်း "မိသားစုစီမံကိန်း "(Family Planning) ဖြင့် သားသမီးအရေအတွက် ကန့်သတ်၍ရယူလာကြသည်။ မိမိတို့ မွေးဖွားသည့် ကလေးငယ်များကိုလည်း ကျန်းမာရေးအသိရှိစွာဖြင့် စောင့်ရှောက်ပြုစုပျိုးထောင်လာတတ်ကြသည်။ မူကြိုကျောင်း၊ မူလတန်းကျောင်းများတွင်လည်း ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျား၊ မ အိမ်သာခွဲခြား၍ ဆောက်လုပ်လာသည်ကိုလည်း အားရဖွယ်တွေ့မြင်နေရသည်။

စာပေမတတ်၍ လက်ဗွေအမှတ် ကြက်ခြေခတ်ဘဝမှာ အသက်ရှင်လျက်နှင့် ပညာမျက်စိမရှိသူများဖြစ်နေကြပြီး ဘဝသေသည်နှင့်မခြား ရှိတော့သည်။ တိုင်းတစ်ပါးကိုလိုနီ သူ့ကျွန်ဘဝတွင် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ပညာတတ်မြောက်စေရန် လုံးဝမရည်ရွယ်ဘဲ သူတို့၏ ကိုလိုနီအုပ်ချုပ်ရေး ယန္တရားကောင်းမွန်စွာလည်ပတ်နိုင်ရန် စာရေး၊ ပန်းချီ၊ အုပ်ချုပ်ရေးအရာရှိများကိုသာ မွေးထုတ်ခဲ့သည်။ စာပေမတတ် လက်ဗွေမှတ် ကြက်ခြေခတ်ဘဝသည် ကိုလိုနီခေတ်တွင် ပိုမိုများပြားလာခဲ့သည်။ အထူးသဖြင့် ကျေးလက်ပြည်သူများထဲမှ အမျိုးသမီးအများစုသည် စာမတတ်ရှာခဲ့ကြပေ။ ကျေးလက်ပြည်သူများထဲမှ အမျိုးသားများသာ ဘုန်းကြီးကျောင်းများတွင် စာသင်ကြရသဖြင့် အမျိုးသမီးများနှင့်စာလျှင် အတော်အတန် စာတတ်မြောက်ခဲ့ကြသည်။

ထိုစဉ်က စာမတတ်လျှင်အကန်း၊ ရက်ကန်းမခတ်တတ်လျှင်အကျိုးဟု ဆိုရိုးပြုခဲ့သော်လည်း ကျေးလက်နေအမျိုးသမီးများမှာ ရက်ကန်းကို တော့တတ်ကြသည်။ သို့တစေ စာမတတ်၍ ကြက်ခြေခတ်အမှတ်တံဆိပ်ဖြင့်သာ ဘဝနိဂုံးချုပ်ရရှာ၏။ အသက်ရှင်နေလျက် စာမတတ်သည့်ဘဝသည် ကိုလိုနီခေတ်တွင် ကျေးရွာများ၌ မရှိန္တမ်းပါးဆင်းရဲသားတောင်သူလယ်သမားများက ချစ်တီးကုလားများထံလယ်မြေ၊ ယာမြေ၊ ကျွဲ၊ နွားတိရစ္ဆာန်တို့ကို အပေါင်ထားပြီးငွေချေးငှားကြရာ စာမတတ်သူများမှာ လက်ဗွေနှိပ်၍ငွေချေးငှားခဲ့ကြရာ စာမတတ်မှန်းသိ၍အဆမတန်အတိုးကို နစ်နေအောင် လိမ်ညာ ရယူခြင်းကိုလည်း ခါးစည်းခံခဲ့ကြရရှာသည်။ နောက်ဆုံးတွင် အကြွေးမဆပ်နိုင်တော့၍ လယ်လည်းဆုံး၊ ယာလည်းဆုံး၊ နွားလည်းဆုံးရုံမျှမက သမီးပျိုပါ အဆစ်ပါသွားတော့သည်။ သို့လောက် အသဲနင့်စရာ၊ ရင်နင့်စရာအပြည့်ပင်၊ အသက်ရှင်လျက် စာမတတ်သည့်ဘဝကား ဘဝအလင်းရောင် ပျက်သုဉ်းကာ ရှင်လျက်နှင့်သေသည့်ဘဝနှင့် မခြားလှပါပေ။

ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့်ပဒေသရာဇ်လူ့အဖွဲ့အစည်း၌ ဘုန်းကြီးကျောင်းပညာရေးစနစ်ထွန်းကားစဉ် စာတတ်မြောက်သူမရှားပါးခဲ့ပေ။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင်မြန်မာနိုင်ငံ၌ စာတတ်မြောက်သူအရေအတွက်များပြားခဲ့ပုံနှင့်စပ်လျဉ်း၍ ထိုစဉ်က အောက်မြန်မာနိုင်ငံဝန်ရှင်တော်မင်းကြီး ကာနယ်ဖိုက်ချ်က "မြန်မာနိုင်ငံ၏ဘုန်းကြီးကျောင်းပညာရေးစနစ်မှာ အမျိုးသားပညာရေးနှင့် ဆက်စပ်လျက်ရှိသည်ဖြစ်သောကြောင့် လက်တွေ့အကျိုးတရားရှိသော စနစ်ဖြစ်သည်။ မြန်မာနိုင်ငံ၌စာမရေးတတ်သူ၊ စာမဖတ်တတ်သူ၊ စကားထာ ပဟေဠိတို့ကို မဝှက်တတ်၊ မဖော်တတ်သူတို့မှာ အလွန်ရှားပါးသည်။ ကျွန်ုပ်တို့၏ အကျဉ်းထောင်များ၌ ပြစ်ဒဏ်ခံနေရသော (ဝါ)ထောင်ကျနေသော မြန်မာတိုင်းရင်းသားများအနက် ပညာရေးအခြေခံမရှိသူအရေအတွက်မှာနည်းပါးလှကြောင်း စာရင်းတောင်းသောအခါ၌ တွေ့ရှိရသည်။ အရပ်ကျောင်း၊ ဘုန်းကြီးကျောင်းနှစ်မျိုးစလုံး၌ပင် စာသင်ချိန်မှာ တစ်နေကုန်ပင်ဖြစ်၏။ စည်းကမ်းမှာ ကျပ်တည်းလှ၏။ လိုအပ်သောအခါများ၌ ကြိမ်လုံးကိုကောင်းကောင်းကြီးအသုံးပြုပေသည်"ဟု မှတ်တမ်းတင်ခဲ့သည်။ ဤမှတ်တမ်းအထောက်အထားကို ကြည့်ခြင်းအားဖြင့် မြန်မာ့ပဒေသရာဇ်လူနေမှုပုံစံအတွင်း၌ ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်၏ အောင်မြင်ထိရောက်မှုများကို အကဲခတ်လေ့လာနိုင်ပြီ ဖြစ်ပါသည်။

**အားလုံးအတွက် ပညာရေးဆိုသည်မှာ ကလေး၊ လူငယ်နှင့်လူကြီး အားလုံးအတွက် လိုအပ်သော ပညာရေးဖြစ်ပြီး ကလေးတိုင်းအခြေခံ လိုအပ်သည့် ပညာသင်ယူနိုင်ရေးနှင့် မူလတန်းပညာကို မဖြစ်မနေ သင်ကြားရေး၊ သက်ကြီးစာမတတ်သူ လျှော့နည်းပပျောက်ရေးတို့ပင်ဖြစ် သည်။**

ယနေ့မျက်မှောက်ခေတ်တွင် နိုင်ငံတစ်နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှုန်း (HDI=Human Development Index) ကို ဖော်ပြရာတွင် နိုင်ငံသူ နိုင်ငံသားတို့၏ စာတတ်မြောက်မှုပညာသင်ကြားမှုအခြေအနေများကိုပါ ထည့်သွင်းတွက်ချက်ရသည်။ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ဆန္ဒန်းကိန်းကို လက်တွေ့တွက်ချက်ရာတွင် အခြေခံညွှန်းကိန်းများအဖြစ် သက်ဆိုင်ရာ နိုင်ငံသားတို့၏

(၁) မျှော်မှန်းသက်တမ်း (Expectancy of Life of birth)

(၂) သက်ကြီးစာတတ်မြောက်မှုအချိုးအစား (Adult Literacy ratio)

(၃) မူလတန်း၊ အလယ်တန်း၊ အထက်တန်းစုစုပေါင်းကျောင်းထားမှု၏ အချိုးအစား (Combined First, Second and third Level School enrollment ratio)

(၄) ဝင်ငွေ (Income) တို့ပါဝင်ကြသည်။

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) ၏အစီရင်ခံစာ၌ အာရှတိုက်၏နိုင်ငံများဖြစ်ကြသည့် (၁) မြန်မာ၊ (၂) ဘင်္ဂလားဒေ့ရှ်၊ (၃) ပါကစ္စတန်၊ (၄) အိန္ဒိယ၊ (၅) သီရိလင်္ကာ၊ (၆) နီပေါ၊ (၇) ကမ္ဘောဒီးယား၊ (၈) လာအို၊ (၉) တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၁၀) ဗီယက်နမ် (၁၁) စင်ကာပူ (၁၂) ထိုင်း (၁၃) မလေးရှား (၁၄) ဖိလစ်ပိုင် (၁၅) အင်ဒိုနီးရှား (၁၆) ဘရူနိုင်း အပါအဝင် အာရှနိုင်ငံ ၁၆ နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံ၏မျှော်မှန်းသက်တမ်းသည် အဆင့် (၁၂)၊ သက်ကြီးစာတတ် မြောက်မှုတွင် အဆင့်(၈)၊ မူလတန်း၊ အထက်တန်း၊ အလယ်တန်းစုစုပေါင်း ကျောင်းထားနိုင်မှု အမျိုးအစားတွင် အဆင့်(၉)နှင့် တစ်ဦးချင်းဝင်ငွေတွင် အဆင့်(၁၅) အသီးသီးရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဤအခြေအနေကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများ ပျမ်းမျှထက် လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများပျမ်းမျှထက်လည်းကောင်း သာလွန်မြင့်မားနေကြောင်း ဂုဏ်ယူအားရဖွယ် လေ့လာတွေ့ရှိရသည်။

စာရေးသူသည် လွန်ခဲ့သည့် ၁၉၇၀ ပြည့်နှစ်ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် ထိုစဉ်က အသုံးလုံးစီမံကိန်းဒေသဖြစ်သော ရွှေဘိုခရိုင်သို့ အသုံးလုံးလုပ်အားပေးကျောင်းသား ခေါင်းဆောင်တစ်ဦးအဖြစ် သွားရောက်ခဲ့သည်။ ကျွန်တော် ဦးဆောင်တာဝန်ယူရမည့်နေရာကား ခင်ဦးမြို့နယ်ရှိ တမာကျေးရွာကြီးဖြစ်သည်။ ထိုစဉ်က ခင်ဦးမြို့နယ်လုံးဆိုင်ရာ အသုံးလုံး လုပ်အားပေးဆရာခေါင်းဆောင်မှာ ပထဝီဝင်နည်းပြဆရာမ ဒေါ်နော်သာစော (ယခုဒေါက်တာနော်သာစော၊ ပထဝီဝင်ပါမောက္ခ အငြိမ်းစား)ဖြစ်သည်။ တမာကျေးရွာကြီးမှာ ရွှေဘိုနှင့်ခင်ဦးမြို့နယ်နှင့် ၁၀ မိုင်ခန့်အကွာအဝေးဆုံး ကျေးရွာလည်းဖြစ်သည်။ ပြီးတော့ တောနက်လှသည့် ကျေးရွာကြီးတစ်ရွာဖြစ်၍ ကျားအနည်းငယ်ရှိနေသောကြောင့် မသွားလိုသည့် ကျောင်းသား ကျောင်းသူများက များနေခဲ့သည်။ ကျွန်တော်တို့အဖွဲ့ကား စေလိုရာစေဟူသော ခိုင်မာသောဆုံးဖြတ်ချက်ဖြင့် ကျွန်တော်ကခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တက္ကသိုလ်မှ ကိုခင်မောင်ညွန့်၊ ကိုမျိုးချစ်၊ မကွေးကောလိပ်မှ ကိုဟန်မောင်၊ ကိုအောင်စိုးတို့ ပါဝင်ကြသည်။

တမာကျေးရွာကြီးသို့ ရောက်သွားသောအခါ ညနေဆည်းဆာချိန်လွန်၍ညီအစ်ကို မသိတသိအချိန်မို့မှောင်ရည်သန်းစပြုလေပြီ။ သူကြီးအိမ်ရှေ့သို့ ရောက်ပြီဆိုသည်နှင့် လှည်းပေါ်မှဆင်းလိုက်ရာ သူကြီးကတော်ဆိုသူက ကျွန်တော်ကိုမြင်မြင်ချင်း ပြေးဖက်စဉ် ချုံးပွဲချငိုနေလေတော့သည်။ ကျွန်တော့်မှာ ဘုမသိဘမသိနှင့်ကြောင်အမ်းအမ်းဖြစ်နေစဉ် သူကြီးဦးမျောက်ဆိုသူက ကျွန်တော်တို့မရောက်မီ လွန်ခဲ့သည့်တစ်လအလိုက သူတို့၏တစ်ဦးတည်းသော သားဖြစ်သူမှာ မြွေဆိုးကိုက်စဉ်ဆုံးပါးသွားခဲ့ရှာကြောင်း၊ ထိုသားဖြစ်သူမှာ ကျွန်တော်နှင့်အရွယ်ချင်းရော၊ ရုပ်ချင်းတူနေလွန်းသဖြင့် သူတို့သားအားပြန်လည်တမ်းတ၍ ယခုကဲ့သို့ ငိုနေမိကြောင်း စသည်ဖြင့်အကြောင်းစုံရှင်းပြတော့မှ ကျွန်တော့်မှာ ရင်နင့်အောင် ခံစားလိုက်မိသည်။

သူကြီး၏နေအိမ်အပေါ်ထပ်တွင် ကျွန်တော်တို့လုပ်အားပေးအဖွဲ့ဝင်ငါးဦးခြင်ထောင်မပါဘဲ တန်းစီအိပ်ကြရသည်။ နွေခေါင်ခေါင်မို့ ပူပြင်းလွန်းလှသော်လည်း တမာမြေမှအညာလေနုအေးကြောင့် အသည်းအေးကာ အလွန်အိပ်၍ ကောင်းလှသည်။ ကျွန်တော်က အလယ်ထောင့်မှာအိပ်ပြီး ကျန်သူများကဝဲဘက်တွင် နှစ်ဦး၊ ယာဘက်တွင်နှစ်ဦးကျ စီအိပ်စက်ကြသည်။ ညဘက်အခင်းကြီးသွားလိုလျှင် ရွာအပြင်ဖက် ချုံတောစပ်၌ ထိုစဉ်က ရွာဓလေ့အတိုင်း ကိစ္စပြီးခဲ့ကြရသည်။ အိမ်သာလုံးဝမရှိခဲ့။ ညဘက်၌ အခင်းကြီး သွားလေ့သွားထရှိသော ကိုဟန်မောင်(မကွေး)ကို ညဘက်တွင် အမြဲအဖော်လိုက်ပေးခဲ့ရသည်။ သူရဲကြောက်၍မဟုတ်။ ကျားဆွဲမှာစိုး၍ ဖြစ်သည်။ ညဘက်တွင် ထိုဘိုးတော်တောနက်ကြီးထဲမှ

*စာမျက်နှာ ၁၆ သို့*

## လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)ရရှိထားရန် လိုအပ်

**ကျိုက်မရော မေ ၁၉**

ကျိုက်မရောမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် တောင်သူလယ်သမားများအား သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ ထုတ်ချေးရန်အတွက် ချေးငွေစည်းကမ်းသတ်မှတ်ချက်များကို မြို့နယ်မန်နေဂျာ (စိုက်/ဘဏ်)က မေ ၁၅ ရက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟင်္သာခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်က ကျေးရွာ ၄၆ ရွာမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေးရာတွင်စပါးစိုက်တောင်သူများသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ရရှိပြီးသူများ ထုတ်ချေးပေးမည်ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၄ ခုနှစ်တွင် စပါးစိုက်တောင်သူ ၂၀၈၇ ဦးတို့အား တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၃၄၄၇ ဧကအတွက် ထုတ်ချေးပေးခဲ့သည်။ ယခုနှစ် မေလကုန်တွင်သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို တောင်သူများသို့ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း(iprd)**



မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံးပျဉ်းမနားမြို့နယ် ဥက္ကဋ္ဌ ဒေါက်တာ ပေါ်မြင့်ဦး ဦးဆောင်၍ ရောင်စုံငှက်တို့လွင်ပြင်ခရီးပန်းချီပြပွဲကို မေ ၁၃ ရက် မှမေ ၂၆ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်အရှေ့ဘက်၌ ၁၄ ရက်ကြာခင်းကျင်းပြသလျက်ရှိသည်ကို မေ ၁၄ ရက်ညနေက မြင်တွေ့ရစဉ်။

ကာရန်ခ

# ခန်းခြောက်နေသည့် ရေကန်များပြန်လည်တူးဖော်

**သနပ်ပင် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်တွင် ကျေးရွာပေါင်း ၉၉ ရွာရှိသည့်အနက် နွေရာသီ ပူပြင်းခြောက်သွေ့မှုကြောင့် ကျေးရွာ ၂၄ ရွာတွင် ရေကန်ပေါင်း ၃၈ ကန် ခန်းခြောက်နေသည့်အတွက် ဒေသခံပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြန်လည် တူးဖော်ခြင်းလုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သနပ်ပင်မြို့နယ် စက်ကုန်းပိုင်း ရပ်ကွက် မြို့နယ်ဆေးရုံဝင်းအတွင်းရှိ သောက်သုံးရေကန် တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မေ ၁၃ ရက်တွင် သွားရောက်၍ စက်ယန္တရားလည်ပတ်မှုနှင့် ရေထွက်ရှိမှု အခြေအနေတို့ကို ကြည့်ရှုပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး မေ ၁၉**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ သက္ကျသီဟဘုရား ဘုရားဝင်း ဝေဇယန္တမဟာဗန္ဓုလဓမ္မာရုံတွင် မေ ၁၅ ရက်က ဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

ရွှေဦးစွာလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မန္တလေးခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်းက မိုးပွင့်(အထူး)စီမံချက်အကြောင်း ရှင်းလင်းပြောကြားပြီး အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ပြည်သူများကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစံညွန့်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်မာနှင့်မန္တလေး ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးတို့က ဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်များကို ပြည်သူ ၁၆၂ ဦးထံသို့ တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲကျင်းပ

**ကလေး မေ ၁၉**

ပညာ သင်ကြားနေသော ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်၊ (၁၈)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၁၆ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် KMD-3 ကွန်ပျူတာသင်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲသို့ စုစုပေါင်း ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၉၃ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပရာ နေရာများသို့ ကလေးခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား(iprd)**

## မဲစာရင်းပြုစုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**လားရှိုး မေ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဲစာရင်းပြုစုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး ပွဲတစ်ရပ်ကို မေ ၁၇ ရက်က လားရှိုးမြို့ ရပ်ကွက်(၇) ရှိ ရွှေလီစားသောက်ဆိုင်ခန်းမ၌ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံတကာရွေးကောက်ပွဲ အခြေခံစနစ်ဖော်ဆောင်ရေးအဖွဲ့ IFES နှင့် UNAID,UKAID , Australian Aid စသည့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း ပံ့ပိုးမှုဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး လားရှိုးမြို့ပေါ်ရှိ အရပ်ဖက် လူမှုအဖွဲ့အစည်းများ (CSO) မှ တာဝန်ရှိသူ ၃၀ ခန့်တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မမ(လားရှိုး)**

## တောင်သာ၌ မိုးသည်းထန်စွာရွာသွန်း

**တောင်သာ မေ ၁၉**

တောင်သာမြို့တွင် မေ ၁၆ ရက် ညနေ ၃ နာရီခွဲမှစ၍ တစ်နာရီကြာမျှ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မိုးရေချိန် ၀ ဒသမ ၅၁ လက်မရှိ ပြီး လမ်းမကြီးများပေါ်တွင် ရေများဖွေးဖွေးလှုပ်ကာ စီးဆင်းခဲ့သည်။ အိမ်မိုးရေသွယ်တံလျှောက်တို့မှ ရရှိ သည့် ရေများကြောင့် သောက်သုံး ရေအတွက် အဆင်ပြေသကဲ့သို့ အပူဒဏ်များ လျော့နည်းသွားကာ မီးဘေးအန္တရာယ်ပါ စိုးရိမ်မှုမရှိ နိုင်သည့်အတွက် ဒေသခံများ ပျော်ရွှင်နေကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

*စာမျက်နှာ ၁၅ မှ*

ကျားတစ်ကောင်၊ နှစ်ကောင်သည် ရွာထဲရှိ နွားတင်းကုပ်ထဲမှ နွားကို လာ၍ဆွဲလေ့ရှိရာ ရွာသူ ရွာသားများလာစောင့်၍ ခြောက်လှန့်ပစ်ခတ်မှ ကျားထွက်ပြေးလေ့ရှိသည်။ ညဘက်၌ ကျွန်တော်၏ ယာဘက်အစွန်ဆုံး၌ အိပ်သော ကိုဟန်မောင်သည် ကျားဆွဲမှာစိုး၍ အလယ်ကောင်ရှိ ကျွန်တော့်အနီးသို့ လာကပ်၍ အိပ်လေသည်။

တစ်ခုသောနံနက်ဝေလီဝေလင်းချိန်တွင် ကျွန်တော်၏စာသင်ဝိုင်းမှ ဒေါ်ကြီးဒေါ်ဂျမ်းမသည် တောစပ်မှမျှစ်ချိုးပြီး မျှစ်ထုပ်ကြီးကို ခေါင်းပေါ်တင်ရွက်ပြီး ရွာသို့ပြန်လာစဉ် နောက်မှကျားလိုက်လာပြီး ခုန်အုပ်လိုက်ရာ ဒေါ်ဂျမ်းမခမျာ ဝဲဘက်နားရွက်ပြတ်သွားတော့သည်။ ခေါင်းပေါ်၌ မျှစ်ထုပ်ကြီးခံနေ၍သာ အသက်ရှင်ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ ဒေါ်ဂျမ်းမခမျာမှာ အသုံးလုံးစာသင်ဝိုင်း၌ ထိုစဉ်က အသက် ၅၀ အရွယ်မို့ အသက်အကြီးဆုံး ဖြစ်သော်လည်း ငယ်စဉ်ကသင်ပုန်းကြီး သင်ယူခဲ့ဖူးသူဖြစ်၍ အရေး၊ အဖတ်၊အတွက်တို့ကို စာသင်ရက် နှစ်ပတ်အတွင်း တတ်မြောက်လာခဲ့သူ ဖြစ်သည်။ ဒေါ်ဂျမ်းမ၏ ကျားကိုက်ဒဏ်ရာကို ကုစားနိုင်ရန် ကျွန်တော်တို့နှင့် သူကြီးက ဦးဆောင်စီစဉ်ပြီး ရွှေဘိုဆေးရုံကြီးသို့ လှည်းဖြင့် တစ်ညခရီးသွား၍ပို့ခဲ့ရ၏။ တစ်ပတ်ကျော်ခန့်ကြာသောအခါ ဆေးရုံမှဆင်းပြီး ကျွန်တော်၏ စာသင်ဝိုင်းသို့ ပြန်ရောက်လာခဲ့၏။ ရှာမှရှားလှသည့် အာဂ ဒေါ်ဂျမ်းမပင်။ ကျွန်တော်တို့အ သုံးလုံးလုပ်အားပေးအဖွဲ့၏ နိုးကြားတက်ကြွမှု၊ တမာ ရွာသူရွာသားများ၏ ကြိုးစားမှု၊ ရိုးသားမှု၊ စေတနာအလှုတို့ကြောင့် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် တစ်မြို့နယ်လုံး မြို့နယ်လုံးကျွတ်၊ ရွာလုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲကို ဆင်နွှဲနိုင်ခဲ့ပြီဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုဆီက အညာက တမာရွာကြီးတွင် အသုံးလုံးလုပ်အားပေးခဲ့ပုံများကို နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ (ဝါ) နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (International literary Day) သို့ရောက်လာလေတိုင်း မမေ့နိုင်ဘဲ တသသ သတိတရရှိလှသည်။ စာတတ်မြောက်ရေးလှုပ်ရှားမှုဟူသော မွန်မြတ်သော အမျိုးသားရေးတာဝန်တစ်ရပ်ကို သဲတစ်ပွင့်၊ အုတ်တစ်ချပ်အဖြစ် ပါဝင်ထမ်းဆောင်ခဲ့ရသည်။ တဒင်္ဂတစ်ခဏ ပါဝင်ထမ်းဆောင်ခဲ့ရသည်ကို အစဉ်ထာဝရ မမေ့နိုင်ဘဲ ကြည်နူးပီတိဖြစ်နေရပါသည်။ သည်ထက် ကြည်နူးရသည်မှာ ၁၉၇၁ နှစ်တွင် ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီးမှ မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားမှုများအောင်မြင်မှုအတွက် မိုဟာမက်ရီဇာပါလာဗီဆု (Mohammad Reza Pahlavi Literary Prize) ကြီးကို ရရှိခဲ့ခြင်း၊ ၁၉၈၃ ခုနှစ်တွင် နိုမာ (Noma Prize) ဆုကြီးကို ထပ်မံရရှိခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုများဖြင့် စာမတတ်သေးသူများ စာတတ်လာစေရန်နှင့် စာတတ်လာသူများက စာမပြတ်ဖတ်နိုင်စေရန် ဆက်လက်ဆောင်ရွက်သွားဖို့ကျန်ရှိနေသေးရာ ကျွန်တော်တို့အားလုံးက အသုံးလုံးမကျေ၍ ဘဝရှုံးနေသူများအား ဘဝအလင်းရောင် ဆက်လက်ထွန်းညှိပေးသွားကြပါစို့ဟု အကျိုးမျှော်ကာ နှိုးဆော်လိုက်ရပါသည်။

## ဝမ်းလျှောဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများ ပါဝင်သည့် ရေနှင့် အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

- အစားအသောက်များပေါ်သို့ ယင်အုံယင်နားခြင်း
- အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း
- မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း
- မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင် သိမ်းဆည်းခြင်း

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

- သောက်သုံးရေအဖြစ် အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများစီးဝင်ခြင်း
- ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့်ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း
- သောက်သုံးရေတွင်းရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း
- သောက်သုံးရေတွင်း ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာ စသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင်ရှိခြင်း
- သောက်သုံးရေတွင်း ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များ ဝင်ရောက်ခြင်း

၄။ ဝမ်းလျှောဝမ်းပျက်ရောဂါ ဖြစ်ပွားခြင်းမှကာကွယ်ရန်

- သောက်သုံးရေတွင်း ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှရှောင်ကြဉ်ပါ။
- သောက်သုံးရေတွင်းရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း မပြုပါနှင့်။
- ရေတွင်းရေကန်များထဲသို့တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်။ ရေခပ်ယူရန် လိုအပ်ပါက ရေတွင်းရေကန်အနီးတွင် သန့်ရှင်းသောရေခွက်ရေပုံး သီးသန့်ထားရှိပါ။
- ရေကိုကျိုချက်၍ သောက်ပါ။
- သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ။
- အစားအစာများကိုယင်မနားအောင်ဖုံးအုပ်ထားပါ။ ယင်နားစာများ မစားပါနှင့်။
- အစားအစာများကို မကိုင်တွယ်မီ လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။
- အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့်ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။
- ယင်လုံအိမ်သာအသုံးပြုပါ။
- အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ်စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကို ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်း တိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**



# သာစည်မြို့နယ် ဟံဇားကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၇၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး

**သာစည် မေ ၁၉**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် အတွင်းရှိ ဟံဇားကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကြီးကို ၂၀၁၄ ခုနှစ်ဒီဇင်ဘာ ၁၂ ရက်မှ စတင် တည်ဆောက်ခဲ့ရာ မေ ၁၈ ရက်အထိ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကြီးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၁၅၀၀ ဖြင့် လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သိန်း ၄၅၀၀ ဖြင့် လည်းကောင်း အကောင်အထည်ဖော်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ထို အဆောက်အအုံကြီးတွင် လူနာဆောင်၊ ခွဲစိတ်ဆောင်၊ ခတ်မှန်ဆောင်၊ ပြင်ပလူနာဆောင်များအပြင် သီးသန့်အဆောက်အအုံအဖြစ် တာဝန်ကျဆရာဝန်များ နေထိုင်ရန်နှစ်ခန်းတွဲ တိုက်တစ်လုံး၊ သူနာပြုဝန်ထမ်းများ နေထိုင်ရန် လေးခန်းတွဲ တိုက်တစ်လုံး၊ စာရေးဝန်ထမ်းများနေထိုင်ရန် လေးခန်းတွဲ တိုက်တစ်လုံး၊ ဆေးရုံလုပ်သားများ နေထိုင်ရန် သုံးခန်းတွဲတိုက်တစ်လုံး တို့လည်း ပါရှိကြောင်း သိရသည်။

ဟံဇားကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကြီး တည်ဆောက်ပြီးစီးပါက ဟံဇားကျေးရွာအနီးရှိ သဲပုံ၊ သာဂရ၊ ဝမ်းသာ၊ ဒဟတ္တော၊ ရင်ဇင်း၊ ဘွဲ့ခြား၊ အလယ်ကန်၊ မြင်းခြံကျေးရွာတို့မှ ကျေးလက်တောင်သူများမှာ ကျန်းမာရေးအတွက် ဝေးလံသောနေရာဒေသများသို့ သွားရောက်ကုသရန် မလိုတော့ဘဲ တိုက်နယ်ဆေးရုံကြီးသို့ အရေးပေါ်လွယ်ကူလျင်မြန်စွာ သွားရောက်ပြသကုသနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေများအား မူလပိုင်ရှင်များထံပေးအပ်

**မတ္တရာ မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ညောင်အုပ်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် (၁၁၃၊ ၁၁၃ က၊ ၁၁၃ ခ၊ ၁၁၃ ဂ၊ ၁၁၄ ခ) မှ မြေဧရိယာ ၁၂၀၉ ဒသမ ၅၄ ဧကကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၅) ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံမှ တစ်စိတ်တစ်ဒေသအဖြစ် မြေဧရိယာ ၅၃၈ ဧကကို ၇-၃-၂၀၁၄ ရက်က ပြန်လည်စွန့်လွှတ်ခဲ့သဖြင့် မူလပိုင်ရှင်များထံသို့ ယာယီလုပ်ကိုင်ခွင့် ပုံစံ(၃) ပေးအပ်ပွဲကို မေ ဒုတိယပတ်က မတ္တရာမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုလေးက စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး မတ္တရာမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးရွှေက စွန့်လွှတ်မြေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုလေးနှင့် တာဝန်ရှိသူများက လယ်ယာမြေပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်မာသည့် တောင်သူ ၁၂ ဦးထံ ၁၂၅ ဒသမ ၂၀ ဧကကို ယာယီလုပ်ပိုင်ခွင့် ပုံစံ (၃) များကို ပြန်လည်ပေးအပ်ခဲ့သည်။

ယခု ပြန်လည်ပေးအပ်ပွဲတွင် သိမ်းဆည်းထားသော လယ်ယာမြေ ၁၂၀၉ ဒသမ ၅၄ ဧကအနက် တစ်စိတ်တစ်ဒေသအဖြစ် ၅၃၈ ဧကမှ မူလတောင်သူများအနက် အထောက်အထား ခိုင်မာသည့် တောင်သူ ၁၂ ဦး၏ မြေဧက ၁၂၅ ဒသမ ၂၀ ကို ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃) ပေးအပ်ခဲ့ပြီး ကျန်ရှိသော မြေပိုင်ရှင်များကိုလည်း ရပ်မိရပ်ဖနှင့် ရပ်ရွာမှ ပုဂ္ဂိုလ်များ၏ စိစစ်ထောက်ခံချက်ဖြင့် ပြန်လည်စိစစ်ပြီး ပုံစံ (၃)များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မြေပဲနုတ်ခြွေစဉ် မိုးကြိုးပစ်၍ တစ်ဦးသေဆုံး ခြောက်ဦးမိုးကြိုးစက်ကွင်းမိ

**မိုးညှင်း မေ ၁၉**

အင်းတော်မြို့နယ် ဟောင်ကုန်းကျေးရွာအနီးတွင် မြေပဲနုတ်ခြွေကြစဉ် မေ ၁၇ ရက် ညနေ ၂ နာရီ မိနစ် ၅၀ ခန့်က ရုတ်တရက် မိုးကြိုးပစ်သဖြင့် ဟောင်ကုန်းကျေးရွာနေ အမျိုးသမီးတစ်ဦး သေဆုံးပြီး မိုးကြိုးစက်ကွင်းကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးငါးဦး နာကျင်ကိုက်ခဲခြင်းများဖြစ်၍ မိုးညှင်းမြို့ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ရသည်။ မိုးကြိုးစက်ကွင်းမိသဖြင့် ဆေးရုံရောက်ရှိသူများမှာ ဦးသိန်းဝင်း(၄၂နှစ်)၊ ဒေါ်မအောင်(၅၂နှစ်)၊ ဒေါ်အေးမေ (၄၀နှစ်)၊ ဒေါ်ခင်မာ (၃၇နှစ်)၊ ဒေါ်ခင်ဆွေဝင်း(၄၀နှစ်) နှင့်ဒေါ်ခင်စန်းအုန်း (၃၈နှစ်) တို့ဖြစ်သည်။ မိုးကြိုးပစ်ခံရပြီး သေဆုံးသူမှာ မခင်စန်းဝင်း (၄၀ နှစ်) ဖြစ်ကြောင်း သိရသည်။

**(ဝ၆၃)**

# ဆိုင်ခန်းများအား ချေးငွေကော်မတီမှငွေထုတ်ချေး

**နေပြည်တော် မေ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးအတွင်းရှိ R.C ဆိုင်ခန်း ၃၉ ခန်းကို နေပြည်တော် စည်ပင်သာယာရေးကော်မတီဈေးများဌာန ချေးငွေကော်မတီကကြီးမှူး၍ မေ ၁၂ ရက်က ဈေးအုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယအကြိမ် ချေးငွေကျပ် သိန်း ၉၆၀ ကို ထုတ်ချေးခဲ့ကြောင်း ဈေးမိဈေးဖတစ်ဦးထံမှ သိရသည်။ အဆိုပါချေးငွေ ပေးအပ်ပွဲသို့ ဈေးများဌာန ညွှန်ကြားရေးမှူးကကြီးကြပ်၍ ဈေးမိ ဈေးဖများရှေ့မှောက်တွင် ချေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ဈေးများဌာန ချေးငွေကော်မတီအနေဖြင့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေး RC ဆိုင်ခန်းများကို ၂၀၁၂ ခုနှစ်က ပထမဆုံးအကြိမ် ချေးငွေကျပ်သိန်း ၂၇၀၀ ကျော်ကို လည်းကောင်း၊ ယခုဒုတိယအကြိမ် ချေးငွေကျပ်သိန်း ၉၆၀ ကိုလည်းကောင်း ထုတ်ချေးပေးခဲ့ပြီး တတိယအကြိမ် ဆက်လက်၍ ချေးငွေထုတ်ပေးရန် အစီအစဉ်ရှိကြောင်းလည်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

# စိုက်ပျိုးရေးနည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပိတ်ပွဲကျင်းပ

**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့ ပူးပေါင်း၍ စိုက်ပျိုးရေးသိပ္ပံများရှိ ဆရာ/ဆရာမများ၏ အရည်အသွေးပိုမိုတိုးတက်မြင့်မားစေရေးအတွက် စိုက်ပျိုးရေးနည်းပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ မေ ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် စိုက်ပျိုးရေးဦးစီးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်တို့က အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မေမိုးသဲ**



# အခြေခံမဲစာရင်းအမှန်ပြုစုရေးစည်းဝေး

**မချမ်းဘော မေ ၁၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ဂူဘားခန်းမတွင် မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက အခြေခံမဲစာရင်းအမှန်ပြုစုရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၂ ရက်က ကျင်းပသည်။ အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မဲစာရင်းပြုစုရာတွင် ဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၂၁အနောက်မြင်းပြိုင်ကွင်းလမ်း၊
တာမွေမီးပွိုင့်အနီးရန်ကုန်မြို့။
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၀၁၅

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၀/ခ)၊ မြေကွက်အမှတ်(၃၄)၊မြေကွက်တည်နေရာ အမှတ်(၅၃)ဘုရားလမ်း၊(၁၆)ရပ်ကွက်၊မနင်းညွှန့် အမည်ပေါက်၊အေရှာမြေ(၃/က-ရပြီး)မြေ အားအမည်ပေါက်အဖွားဒေါ်နှင်းညွှန့်၊အဖိုးဦး မောင်တင်၊မိခင်ဒေါ်အေးလှနှင့်ဖခင်ဦးသောင်း တို့ကွယ်လွန်သဖြင့် ဒေါ်ရင်နု(၁၂/လမန(နိုင်) ၀၂၃၀၆၃)ကတစ်ဦးတည်းသောမွေးသမီးတော် စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန် လွှာ၊သေစာရင်းတို့ကိုတင်ပြ၍ဒေါ်ရင်နုထံမှအ ထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၀၄၇/ ၆-၇-၁၂)ဖြင့်လွှဲအပ်ခြင်းခံရသူဒေါ်မြမြနိုင် (၁၂/လမန(နိုင်)၀၉၉၈၈၃)မှတင်ပြ၍ပိုင်ဆိုင် ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထား လာရာတရားဝင်နိုင်လုံသောအထောက်အထား များဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ရိဒ်ရေကန်ဒေသအားသဘာဝခရီးစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန်အလားအလာရှိ

သတင်းနှင့်ဓာတ်ပုံ-CL ထန်းငါ

**ရိခေါဒါရ် မေ ၁၉**

ချင်းပြည်နယ် ရိခေါဒါရ်မြို့နယ် ရိဒ်ရေကန်ဒေသတွင် နိုင်ငံတော်အစိုးရအနေဖြင့် မကြာသေးမီက ပြည်ထောင်စုရိပ်သာအသစ်ဖွင့်လှစ်ထားရှိသည့်နည်းတူ ယင်းနေရာဒေသအား သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် တိုးမြှင့်သတ်မှတ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်ဟု သိရသည်။

ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားသည့် ရိဒ်ရေကန်အဆင့်တိုးမြှင့်သတ်မှတ်ထားခြင်းသည် ယင်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ရိဒ်ရေကန် သဘာဝခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမခြေလှမ်းတစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် မကြာမီကာလအတွင်း ချင်းပြည်နယ်တွင် အသစ်ခွင့်ပြုထုတ်ပေးတော့မည့် တည်းခိုရိပ်သာနှင့်ဟိုတယ်လုပ်ငန်းလိုင်စင်အစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်သွားရန်လည်း လိုအပ်လျက်ရှိသည်။

လက်ရှိတွင် ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးလာသည့်အချိန်မှစ၍ ရိဒ်ရေကန်သို့ ခရီးသွားများ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်ကြသူများ တိုးတက်လာခဲ့သော်လည်း နိုင်ငံခြားသားခရီးသွား ဧည့်သည်များအနေဖြင့် တည်းခိုနေထိုင်ရေး အခက်အခဲများနှင့် ရင်ဆိုင်နေကြဆဲဖြစ်သည်။

ထို့အပြင် ရိဒ်ရေကန်သည် ချင်းပြည်နယ်အစိုးရမှ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အထူးအလေးထား ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။

ချင်းပြည်နယ်(မြောက်ပိုင်း) ဖလမ်းခရိုင် ရိခေါဒါရ်မြို့နယ် မြန်မာ-အိန္ဒိယနယ်စပ်တွင်ရှိသော ရိဒ်ရေကန်သည် ထူးခြားဆန်းကြယ်လှပပြီး ရှားပါးသော ပုံသဏ္ဌာန်ရေကန်ကြီးတစ်ခုဖြစ်သည်။

ရိဒ်ရေကန်အရှေ့ဘက် နှစ်ဖာလုံ ခန့်အကွာတွင် အသစ်တည်ဆောက်ခဲ့သော ရိဒ်-ပြည်ထောင်စုရိပ်သာ(Rih-Pyidaungsu Guest House)သည် ပြီးခဲ့သည့် မတ် ၂၈ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်းနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းတို့က ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

ခရီးသည် ၄၀ နီးပါးတည်းခိုနိုင်မည့် ရိဒ်-ပြည်ထောင်စုရိပ်သာတည်ရှိရာနေရာသည် ၅၄၃ ဒသမ ၈၆ ဧက၊ ၀ ဒသမ ၈၄၉၇ စတုရန်းမိုင်ဖြင့် ကျယ်ဝန်းသော ရိဒ်ရေကန်ကြိုးပြင်ကာကွယ်တောအတွင်းရှိပြီး ထိုမှတစ်ဆင့် ရိဒ်ရေကန်၏ သဘာဝအလှနှင့်ရှုခင်းများကို ကြည့်ရှုနိုင်ခဲ့သည်။

ရိဒ်ရေကန်သည် ချင်းပြည်နယ် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ၏ အခြေခံစခန်းများဖြစ်နိုင်မည့် နေရာများတွင် ပါဝင်သတ်မှတ်ခဲ့သည့်အလျောက် ရေကန်အတွင်းရှိသားငါးများ မျိုးမပြုန်းတီးစေရေးအတွက် ကာကွယ်ခြင်း၊ ရေကန်ဘေးပန်းလည် စိမ်းလန်းစိုပြည်သာယာလှပရေးတို့ကို အလေးထားဆောင်ရွက်ခြင်း၊ သဘာဝအလှပန်းပင်များနှင့် သစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်လျက်ရှိသည်။



ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ရိဒ်ရေကန်ဒေသကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်မြေတစ်ခုအဖြစ်သတ်မှတ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအတွက် ရိဒ်ရေကန်ပတ်လည်ရှိ တောင်ကုန်းတောင်တန်းသစ်တောဧရိယာများအား တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး ဒေသခံများထံမှ စစ်တမ်းများကောက်ယူလျက်ရှိရာ ထိုနည်းတူ ရိဒ်ရေကန်၏ အထက်ဧရိယာ ဧက ၆၆၀ ကျယ်ဝန်းသောဒေသကို ရေဝေရေလဲဧရိယာအဖြစ် ထိန်းသိမ်းထားရန်လည်းဖြစ်သည်။

ယခုကဲ့သို့ ချင်းပြည်နယ် ရိဒ်ရေကန်သည် အထူးသဖြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် အရည်အသွေးမီဟိုတယ်၊ တည်းခိုရိပ်သာနှင့် အပန်းဖြေနေရာများ များပြားလာပါက ပြည်တွင်းပြည်ပမှ ခရီးသွားများအတွက် ပိုမိုဆွဲဆောင်နိုင်သော ခရီးသွားနယ်မြေ ဖြစ်လာနိုင်သည်။

## ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ဖားကန့်)ယာယီရုံး ဖွင့်ပွဲကျင်းပ

**ဖားကန့် မေ ၁၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဖားကန့်ဒေသ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ယာယီရုံးဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက်က ယွမာကျေးရွာ ပတ္တမြားနဂါးဟိုတယ်ဝင်းအတွင်းရှိ ရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် စကခမှူးဗိုလ်မှူးချုပ် ဇော်မြင့်နိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖရောင်းဂမ်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အသင်းချုပ်ဥက္ကဋ္ဌဦးရုံးမူ၊ ဖားကန့်ဒေသ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမောင်ထွန်းတို့က ယာယီရုံးကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အသင်းချုပ်ဥက္ကဋ္ဌဦးရုံးမူက အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က ဖားကန့်မြို့သာသနာ့ဗိမာန်ဆောက်လုပ်ရေးတွင် အသုံးပြုရန် အလှူငွေကျပ်သိန်း ၅၀၀ နှင့် စကခမှူးဗိုလ်မှူးချုပ်ဇော်မြင့်နိုင်က အလှူငွေငါးသိန်းတို့ကို သန်းကြွယ်ကျောင်းအကျိုးတော်ဆောင်ဆရာတော် ဦးကဝိသာရ (မဟာသဒ္ဓမ္မဇောတိက) ထံသို့ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ဝ၆၄)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**




**အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဓမ္မာရုံလမ်းနှင့် လမ်းသွယ်များ (ဝဲနှင့်ယာ) တွင်တည်ရှိသော မြေတိုင်း ရပ်ကွက်အမှတ် (၇-ဒီ)၊ မြေကွက်အမှတ် ၃(ခ)၊ ၃(စ)၊ ၃(ဆ^)၊ ၃(ဈ^)နှင့် မြေတိုင်းရပ်ကွက်အမှတ် (၇-အီး)၊ မြေကွက် အမှတ် (၁၂)၊ စုစုပေါင်းမြေဧရိယာ (၅. ၃၂၅)ဧက မြေပိုင်မြေ (ဘိုးဘွားပိုင်မြေ) မြေကွက်ကြီးပေါ်တွင် နေထိုင်လျက်ရှိသူများနှင့် သက်ဆိုင်သူအများသိစေရန် ကြေညာချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဓမ္မာရုံလမ်းနှင့် လမ်းသွယ်များ (ဝဲ/ယာ)တွင်တည်ရှိသော မြေတိုင်းရပ်ကွက်အမှတ် (၇-ဒီ)၊ မြေကွက်အမှတ် ၃(ခ)၊ ၃(စ)၊ ၃(ဆ^)၊ ၃(ဈ^)နှင့် မြေတိုင်းရပ်ကွက်အမှတ် (၇-အီး)မြေကွက်အမှတ် (၁၂)၊ စုစုပေါင်းမြေဧရိယာ (၅. ၃၂၅)ဧကမြေပိုင်မြေ (ဘိုးဘွားပိုင်မြေ) မြေကွက်ကြီးသည် ယခုတိုင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဗိုလ်မှူးလှမြင့်(ငြိမ်း)အမည်ဖြင့် မှတ်သားထားရှိ အမည်ပေါက်ပါသည်။

၂။ အထက်ပါမြေကွက်ကြီးပေါ်တွင် လက်ရှိအဆောက်အအုံနေအိမ် ဆောက်လုပ်နေထိုင်သူများသည် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဗိုလ်မှူးလှမြင့်(ငြိမ်း)နှင့် တရားဝင်ရောင်းဝယ်၊လွှဲပြောင်းထားခဲ့ခြင်း မဟုတ်သဖြင့် လက်ရှိအဆောက်အအုံနေအိမ်တို့နှင့် ပတ်သက်၍ တရားဝင်ပိုင်ရေးဆိုင်ခွင့်ကို ဥပဒေနှင့်အညီ ပိုင်ဆိုင်ခံစားရရှိရန်အတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အမည်ပေါက်မြေရှင် ဗိုလ်မှူးလှမြင့် (ငြိမ်း)၏ ကြေညာချက်ကို နေ့စဉ်ထုတ်သတင်းစာတို့တွင် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်း ကြေညာဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

၃။ မိမိတို့၏ လက်ရှိမြေကွက်နှင့် နေအိမ်တွင် ရာသက်ပန် စိတ်ချလက်ချ နေနိုင်ရန်၊ သတင်းစာထဲတွင် ထည့်သွင်းကြေညာပြီး တရားဝင်ရောင်းချနိုင်ရန်၊ အဆောက်အအုံသစ်ကို တရားဝင်ဆောက်နိုင်ရန်၊ သားစဉ် မြေးဆက်အမွေဆက်ခံခွင့်ရှိနိုင်ရန်တို့နှင့် ပတ်သက်ပြီး ဥပဒေနှင့်အညီ ပိုင်ဆိုင်ခံစားလိုသူများ နောက်ထပ်ရှိလာသဖြင့် ထိုသူများသည် (၁၄)ရက်အတွင်း ကျွန်ုပ်တို့နှင့် လာရောက်ဆက်သွယ်ညှိနှိုင်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဗိုလ်မှူးလှမြင့်(ငြိမ်း)၏ တရားဝင်ကိုယ်စားလှယ်များ

ဦးသက်ဝင်းအောင်နှင့် ဦးတင်မောင်စိန်
(ဖုံး - ၀၉ ၄၂၀၁၄၃၄၀၈ ၊ ၀၉ ၅၁၄၄၅၁၃)

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဟ/၄၀၁၃ ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၁၀/သထန(နိုင်) ၂၁၀၅၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၉ယ/၉၂၂၁၆ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၁၀/ကထန(နိုင်)၀၉၈၆၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)

**SEVEN စံ ဗ္ဗိ**
**မြေကွက်ရောင်းဝယ်ရေး**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား?
SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644

# လာလီဂါရဲ့ ရာသီကုန်နောက်ဆုံးပွဲစဉ်တွေလာပြီ

■ မိုးမြင့်လင်းလက်




ကျွန်တော် မောင်အောင်မျိုးသန့် ၁၂/ဥကတ(နိုင်)၁၆၀၅၈၈နှင့် ကျွန်မ မသက်မြတ်နိုး ၁၂/သဃက(နိုင်)၁၅၇၇၆၂တို့သည် ၂၂-၆-၂၀၁၄ရက်မှစ၍ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

**သက်မြတ်နိုး**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၁၂၂၉/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၂၉/ခ၊ သုဇာတာ ၁၄လမ်း၊ ဦးစံသိန်း ၁၂/ဥကမ(နိုင်)၀၉၅၁၃၇ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးစံသိန်း ကွယ်လွန်သဖြင့် ဒေါ်အုန်းမြင့် ၁၂/ဥကမ(နိုင်)၀၉၈၇၂၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၄င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၄/၁၅ ဖြင့် ရရှိသူ ဦးမြင့်အောင် ၁၂/ဥကမ(နိုင်)၀၄၆၄၈၅က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

တိုက်အမှတ် (၃၇)၊ အခန်း (၀၀၄)၊ မြေညီထပ်၊ အောင်သပြေလမ်း၊ မင်္ဂလာမြို့တော်အိမ်ရာစီမံကိန်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုက်ခန်းဥပစာနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ပိုင်ဆိုင်သူ ဒေါ်ဥမ္မာ ၉/မမန(နိုင်)၀၇၇၀၅၉ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေသည် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာမင်း**
**တရားလွှတ်တော်ရှေ့နေ**
**(LL.B, D.B.L) (စဉ်-၉၀၁၀)**
**အမှတ် (၇၄၈)၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၇၃၁၁၅၉၂၈၊ ၀၉-၂၅၆၂၈၅၇၈၆**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၀၊ PHASE-2)၊ မြေကွက် အမှတ်(၁၁)၊ ဧရိယာ ၀ ဒသမ ၀၈၄ ဧကသည် နှစ်(၆၀)မြေငှား စာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်ခင်သီတာဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ်(၄၂၄၈/၂၀၁၂) ပိုင်ဆိုင်ကြောင်း စာချုပ်(၂၅၀၉/၂၀၁၅)တင်ပြ၍ ဒေါ်နန်းသန်းရွှေ ၁၃/တကန(နိုင်)၀၁၀၁၁၄ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်း အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် အောင်ချမ်းသာမြို့ကွက်သစ်၊ မြတ်ရတနာအိမ်ရာ၊ မြေကွက်အမှတ်(၃၄)၊ ဧရိယာ ၀ဒသမ၀၅၅ဧကသည် နှစ်၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်ခင်အေးမော်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ်(၁၃၉/၂၀၁၄)တင်ပြ၍ ဦးမောင်မောင်ဝင်း ၁၂/ဗဟန(နိုင်)၀၀၅၄၁၃ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးဒေါင့်ကန်၊မြေကွက်အမှတ်၂၅၊ ဧရိယာ ၀ ဒသမ ၀၂၉ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးငွေသန်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ် ၇၉၇/၂၀၁၅ တင်ပြ၍ ဦးဇော်ဇော် ၁၂/ဗဟန(နိုင်)၀၈၄၅၄၄ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၊ FMI အိမ်ရာ)၊ မြေကွက်အမှတ်(၄၈၈)၊ ဧရိယာ၀ဒသမ၀၄၇ဧကသည် နှစ်(၆၀)မြေငှား စာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်နှင်းနွယ်တန်ဖြစ်ပါသည်။အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ်(၁၁၅၁/၂၀၁၄၊၂၇၂၂/၂၀၁၅) တင်ပြ၍ ဦးအောင်နိုင်ထွန်း ၁၂/ ကမရ(နိုင်)၀၀၀၆၄၀ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်း အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး**

### ဒေါ်လှငွေ (ပုသိမ်)

**အသက် (၉၉)နှစ်**

၁၁-၅-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှငွေ အိုမင်းမစွမ်းချိန်မှစ၍ မေတ္တာစေတနာဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့ကြပါသော သမားတော် ပါမောက္ခ ဒေါ်ရင်ရင်ထွန်း၊ သမားတော် ဒေါက်တာ ဦးဆန်းလွင်၊ ဒေါက်တာ ဒေါ်ခင်အေးမူ၊ ရွှေဂုံတိုင်ဆေးရုံကြီးမှ ဒေါက်တာဇော်ထွန်း-ဒေါက်တာ ငွေငွေကြည်နှင့် ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ ရေဝေးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ရာ၌ လိုက်ပါပို့ဆောင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခြင်းပို့ကြသူများ၊ သက်န်းပရိက္ခရာများနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ပေးပို့လှူဒါန်းကြသူများ၊ မိသားစုနှင့် ထပ်တူထပ်မျှခံစားပြီး လူကိုယ်တိုင် ကြွရောက်၍လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် ဆယ်သွယ်၍သော်လည်းကောင်း၊ ဝမ်းနည်းကြောင်း ပြောကြားခဲ့သူများ၊ သတင်းစာများမှတစ်ဆင့် ဝမ်းနည်းကြောင်း ထည့်သွင်းဖော်ပြပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟ၊ လုပ်ဖော်ကိုင်ဖက်များ၊ ရက်လည်ဆွမ်းကျွေးတရားနာခြင်း၊ သံဃာတော်များ၊ သီလရှင်များအား အရုဏ်ဆွမ်းကပ်လှူခြင်းနှင့် ဧည့်ခံကျွေးမွေးရေး၊ သယ်ယူပို့ဆောင်ရေးစသည့် နာရေးကိစ္စအဝဝတို့အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဟုန် (မအူပင်)

**အသက်(၈၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ (ဦးစောဝါ-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးချန်းမား-ဒေါ်ကြင်သန်း)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ် ၆၅၅(ခ)၊ ကံ့ကော်မြိုင်လမ်းနေ [ဦးအင်းဂုက်(ခ)ဦးကျော်ဝင်း]၏ဇနီး၊ ဦးစံငွေ-ဒေါ်ခင်ခင်ဦး၊ ဦးမျိုးဝင်း-ဒေါ်တင်တင်ဦး၊ ဦးစိုးဝင်း-ဒေါ်မိမိငယ်၊ ဒေါ်မိမိ(ဦးကြည်ဝင်း)-ဒေါ်ဝင်းဝင်းစိုး၊ ဦးမောင်ဝင်း-ဒေါ်တင်တင်ခိုင်၊ ဦးချိုဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးထွန်းထွန်းတို့၏မိခင်၊ မြေးရှစ်ယောက်၊မြစ် သုံးယောက်တို့၏အဘွားသည် ၁၈-၅-၂၀၁၅ရက် မွန်းလွဲ ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်ညွန့်

**(ဝါးဘလောက်သောက်ကျေးရွာ)**

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ်(၈၈)နေ (ဦးစိန်-ဒေါ်အိ)တို့၏ သမီးကြီး၊ (ဦးမောင်ခင်-ဒေါ်ငွေရှင်)တို့၏ သမီးချွေးမ၊ (ဦးလှညွန့်)၏ ချစ်လှစွာသော ဇနီး၊ ဦးညွန့်ဦး-ဒေါ်ညိုညိုစော၊ ဦးညွန့်ဝင်း၊ ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါ်ညွန့်ညွန့်မော်တို့၏ မိခင်ကြီး၊ မောင်စိုးသီဟ၊ မောင်နန္ဒအောင်တို့၏ အဘွားသည် ၁၈-၅-၂၀၁၅ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်တင်ထွေးမူ အသက်(၆၆)နှစ်

**တရားရုံးချုပ်ရှေ့နေ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် ၃၂ (၃-ဘီ)နေ (သခင်ဗသိန်းတင်-ဒေါ်မိမိလေး)တို့၏သမီး၊ ဦးဖေမြင့်-(ဒေါ်တင်မြမူ)၊ ဦးအောင်သင်း-(ဒေါ်တင်စောမူ)တို့၏ညီမ၊ ဦးထိန်ဝင်း(ညွှန်မှူး/ငြိမ်း တရားရေး)၏ဇနီး၊ ဦးမြင့်ဇော်(လက်/ညွှန် ပြည်တွင်းအခွန်)-ဒေါ်မေယမင်းထက်၊ ဦးမျိုးဝင်းသန်း(ဒု-လဝကမှူး-ငြိမ်း)-ဒေါ်မေသက်ထားထက်၊ ဦးဝင်းလွင်(NLD)-ဒေါ်မြရတနာထက်(NLD. တိုင်းပြန်ကြားရေးတာဝန်ခံ-ထားဝယ်) တို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၅-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၉း၀၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ ဦးစိန်လှအောင် LTA-၀၀၇၂၇၉ အမည်ဖြင့် ချထားပေးသည့် လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ စက်မှုကွက်သစ်၊ မေတ္တာရေစင်(၃)လမ်း၊ မြေကွက်ကြီးအမှတ်(၆)၊ အိမ်ရာကွက်ငယ်အမှတ်(၂၃၁)၊ (အလျားပေ ၄၀×အနံပေ၆၀) ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းသီဟဇော် ၆/ထဝန(နိုင်)၀၈၃၃၃၁က အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့ရည်မွန် (LL.B, DBL) အထက်တန်းရှေ့နေ(စဉ်-၃၆၉၀၆)**
**အမှတ်(၅၅)၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၄၅၅၈၃၊ ၀၉-၂၅၄၆၁၇၃၇၂**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၁၄/မြေညီ (ညာဘက်ခြမ်း)၊ ရေ၊ မီး စုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးကျော်ထွန်းနိုင် ၁၄/ပသန(နိုင်)၁၆၄၄၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွင်မာထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၄၁၁၈၅)**
**တိုက် ၁၀/၁၂၊ အခန်း ၄၀၂၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၈၀၀၁၃၁၄၊ ၀၉-၇၉၅၄၂၀၅၈၈**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ပိဋကတ်သုံးပုံဒါယိကာမကြီး**

### ဒေါ်လှငွေ(ပုသိမ်)

**အသက်(၉၉)နှစ်**

ဗိုလ်ချုပ်တင်ထွဋ်(ငြိမ်း)-ဒေါ်တင်တင်ညွန့်၊ ဗိုလ်ချုပ်မောင်မောင်ဆွေ(ငြိမ်း)-ဒေါ်တင်တင်နွဲ့တို့၏ ချစ်လှစွာသောမိခင်ကြီး ပုသိမ်မြို့နယ်အသင်း သက်ကြီးကန်တော့ခံ ဒေါ်လှငွေသည် ၁၁-၅-၂၀၁၅ရက် (တနင်္လာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူ ဦးသိန်းထိုက်**

**ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)**

**အသက်(၆၄)နှစ်**

ပြည်ထောင်စု စာရင်းစစ်ချုပ်၊သရေစည်သူ ဦးသိန်းထိုက်(ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း)သည် ၃-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အမှတ် (၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကိုဝင်း**
**နာယက**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၄ရပ်ကွက်၊ မြေကွက်အမှတ်(၆၆)၊ အမည်ပေါက် ဦးလှထွန်း ၁၂/အစန(နိုင်)၁၁၄၉၃၁ ၏မြေချပါမစ်ကို ကျွန်မ ဒေါ်နန်းဖြူဖြူအောင် ၁၂/တမန(နိုင်)၀၅၇၆၉၄သည် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်ရန်နှင့်ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဒေါ်နန်းဖြူဖြူအောင်**
**ဖုန်း-၀၉-၇၉၉၂၆၁၀၁၅**

---

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ပုသိမ်မြို့၊ ရှင်ပင်ဘုန်းပွင့်လမ်း၊ အမှတ်(၅)တွင် နေထိုင်သော ကိုဖိုးချို(ခ)ကိုကျော်စွာဟန် ၁၄/ပသန(နိုင်)၁၆၁၇၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

ကိုဖိုးချို(ခ)ကိုကျော်စွာဟန် ၁၄/ပသန(နိုင်)၁၆၁၇၀၅နှင့် မသင်းသင်းခိုင် ၁၄/ပသရ(နိုင်)၀၅၉၉၅၄တို့သည် လွန်ခဲ့သော ၁၉၉၇ခုနှစ်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။

ထို့ကဲ့သို့ပေါင်းသင်းနေထိုင်ခဲ့စဉ်အတွင်း ကျွန်ုပ်အားညွှန်ကြားချက်ပေးသူ ကိုဖိုးချို(ခ)ကိုကျော်စွာဟန် ကပင်စီးပွားရေးအား ဦးဆောင်လုပ်ကိုင်စီးပွားရှာဖွေ နေထိုင်စားသောက်လာခဲ့ရာမှ လွန်ခဲ့သော ၂၀၁၁ ခုနှစ်လောက်ကစ၍ မသင်းသင်းခိုင်သည် ငွေကြေးများဖြုန်းတီးမှုပြုလုပ်လာခဲ့ခြင်းကြောင်း သိရှိလာရသဖြင့် မိဘများအားတိုင်ကြားရခြင်းနှင့် ၄င်းအားအမျိုးမျိုး အသိပေးခြင်းများ ပြုလုပ်လာခဲ့သော်လည်းမရရှိဘဲ ခင်ပွန်းဖြစ်သူနှင့် သားသမီးများအပေါ် စိတ်ဆင်းရဲမှုဖြစ်အောင် အကြောင်းအမျိုးမျိုးပြ ပြုလုပ်ခဲ့ရာမှ လွန်ခဲ့သော ၉-၅-၂၀၁၄ ရက်တွင် နေအိမ်မှဆင်းသွားပြီး ပြန်မလာသဖြင့် လေ့လာစုံစမ်းကြည့်ရာ ၄င်း၏မိဘများထံ ဆင်းသွားကြောင်းသတင်းရရှိပါသည်။

ယခုအခါတွင် မိသားစုစိတ်ဆင်းရဲအောင်ပြုလုပ်ခြင်းနှင့် မိသားစုမှခွင့်မလွှတ်နိုင်သော လူမှုရေးငွေရေးကြေးရေးကိစ္စများပြုလုပ်လာပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့်နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သော ငွေရေးကြေးရေး ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ကိုဖိုးချို(ခ)ကိုကျော်စွာဟန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝင်း LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၀၆)**
**အမှတ် ၁၈၊ မန်ကျည်းပင်တန်းလမ်း၊ ပုသိမ်မြို့**

# ရေဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း

(၁) **ရေမကြီးမီ ဆောင်ရွက်ရန်အချက်များ**
- (က) မိုးလေဝသသတင်းကို ဂရုပြုနားထောင်ပါ။
- (ခ) ရေဘေးမှလွတ်ကင်းနိုင်သည့် အခိုင်အမာ အဆောက်အအုံများ၊ ကုန်းမြင့်များကြိုတင်သတ်မှတ်ထားပါ။
- (ဂ) သတ်မှတ်နေရာများသို့ရောက်ရှိမည့် ပြေးလမ်းကြောင်းများ ကြိုတင်ရွေးချယ်ထားပါ။
- (ဃ) ရေတွင်ပေါ်နိုင်သည့် ငှက်ပျောပင်ကဲ့သို့ အပင်များစိုက်ပျိုးထားပါ။
- (င) အရေးကြီးစာရွက်စာတမ်းများ ရေမစိုနိုင်အောင် ပလတ်စတစ်ဖြင့် သေချာစွာထုပ်ပိုးထားပါ။
- (စ) အဝတ်အစား၊ အစားအစာ၊ ဆေးဝါး၊ ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင် စသည့်ပစ္စည်းများ အသင့်ဆောင်ထားပါ။
- (ဆ) သယ်ယူပို့ဆောင်သွားလာရေးအတွက် လှေ၊ ပဲ့ထောင်၊ မော်တော်၊ စက်သုံးဆီ စသည်များ ကြိုတင်စီစဉ်ထားပါ။
- (ဇ) ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။
- (ဈ) သရုပ်ပြအစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားပါ။

(၂) **ရေကြီးခြင်းသတိပေးချက်ရရှိပါက ဆောင်ရွက်ရန်အချက်များ**
- (က) အစားအစာ၊ ဆေးဝါး၊ သောက်ရေတို့နှင့်အတူ လုံခြုံစိတ်ချရသော အဆောက်အအုံနှင့် ကုန်းမြေမြင့်သို့ အချိန်မီရွှေ့ပြောင်းပါ။
- (ခ) သစ်တုံး၊ ဝါးဖောင်ငယ်၊ ကားတာယာကျွတ်၊ ဗောကွင်း၊ လူတစ်ဦးဖက်တွယ်နိုင်သည့် ဝါးပိုးဝါးဆစ်ပိတ်များ ဆောင်ထားပါ။
- (ဂ) ကလေးငယ်များအား ရေစီးတွင်မျောပါမည်စိုး၍ ကြိုးဖြင့်ချည်နှောင်ထားခြင်းမျိုး၊ မိသားစုလိုက်ချည်နှောင်ထားခြင်းမျိုးကို ရှောင်ရှားပါ။
- (ဃ) ရေဘေးအန္တရာယ်သတိပေးချက်ရရှိပါက ပင်လယ်ကမ်းခြေဒေသများ၊ အနိမ့်ပိုင်းဒေသများ၊ လယ်ကွင်းပြင်များတွင် နေထိုင်ခြင်းမှရှောင်ရှားပါ။
- (င) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့် ဒေသများသို့ သွားလာခြင်းမှ ရှောင်ရှားပါ။

(၃) **ရေကြီးနေစဉ်ဆောင်ရွက်ရန်အချက်များ**
- (က) မြစ်ရေအခြေအနေ သတင်းထုတ်ပြန်ချက်ကို အမြဲနားထောင်ပါ။
- (ခ) ရေလွှမ်းနေသည့်နေရာများသို့ လမ်းလျှောက်သွားလာခြင်းမှ ရှောင်ရှားပါ။
- (ဂ) ခြောက်လက်မခန့်မြင့်သောရေစီးသည် လူကိုမျောပါစေနိုင်သောကြောင့် ရေထဲဖြတ်ကူးခြင်း၊ ဖြတ်လျှောက်ခြင်း မပြုရ၊ မလွှဲမရှောင်သာ၍ ဖြတ်လျှောက်ရပါက တုတ်ဖြင့်စမ်းထောက်ပြီးမှ သွားပါ။
- (ဃ) မြွေနှင့်အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ကို သတိထားရှောင်ရှားပါ။
- (င) လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် လျှပ်စစ်မီးကြိုး/တိုင်များနှင့် ဝေးရာတွင်နေထိုင်ပါ။
- (စ) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့် နေရာများသို့ သွားလာခြင်းမှ ရှောင်ရှားပါ။
- (ဆ) သောက်သုံးရေသန့်ရှင်းမှုကို တတ်နိုင်သမျှလုပ်ဆောင်ပါ။ ဝမ်းရောဂါမဖြစ်စေရန် ရေကို ကျိုချက်သောက်ပါ။

(၄) **ရေကြီးပြီးနောက် ဆောင်ရွက်ရန်အချက်များ**
- (က) တာဝန်ရှိသူများက အန္တရာယ်မရှိကြောင်း ကြေညာမှ အိမ်ကိုပြန်လာပါ။
- (ခ) မိသားစုဝင်အားလုံး စုံ၊ မစုံ စစ်ဆေးပါ။
- (ဂ) ကျန်းမာရေးအခြေအနေစစ်ဆေးပါ။ လိုအပ်ပါက ဆေးခန်း၊ ဆေးရုံပို့ပါ။
- (ဃ) မိမိ အိမ်/ခြံ၊ လမ်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း သန့်ရှင်းရေးဆောင်ရွက်ပါ။
- (င) ရေနစ်မြုပ်ထားသော လျှပ်စစ်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် သေသေချာချာစစ်ဆေးပြီးမှ သုံးစွဲပါ။
- (စ) ရေကြီးထားသောကြောင့် လမ်း၊ တံတား၊ အိမ်များ အချိန်မရွေးပြိုကျနိုင်သည့်အတွက် သတိပြုပါ။
- (ဆ) အဆိပ်ရှိသတ္တဝါများ ခိုအောင်းနေတတ်သဖြင့် သတိပြုပါ။
- (ဇ) အိမ်ပတ်ဝန်းကျင်ကို ပိုးသတ်ဆေး၊ ထုံး၊ ဆားဖျန်းပါ။
- (ဈ) ရေကို ကျိုချက်သောက်ပါ။

**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်မှူးကြီးမြင့်လွင် (ငြိမ်း)**

**(တပ်မတော်တပ်ထိန်းချုပ်)**

**အသက်(၈၁)နှစ်**

ဗိုလ်မှူးကြီးမြင့်လွင်(ငြိမ်း) (တပ်မတော်တပ်ထိန်းချုပ်)သည် ၁၇-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးချုပ်သိန်းဦး၊ ဒေါ်ခင်မာဝင်း**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်မှူးသန်းရွှေ (ငြိမ်း)**

**ကျောင်းအုပ်ကြီး/ညွှန်ကြားရေးမှူး(ငြိမ်း)**

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ**

**အသက်(၈၇)နှစ်**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ၊ ကျောင်းအုပ်ကြီး/ညွှန်ကြားရေးမှူး(ငြိမ်း) ဗိုလ်မှူးသန်းရွှေ(ငြိမ်း)သည် ၁၅-၅-၂၀၁၅ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ**
**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်မှူးသန်းရွှေ (ငြိမ်း)**

**ကျောင်းအုပ်ကြီး/ညွှန်ကြားရေးမှူး(ငြိမ်း)**

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ**

**အသက်(၈၇)နှစ်**

မိဘသဖွယ် ရိုသေလေးစားရပါသော ကျေးဇူးရှင်အဘကြီး ဗိုလ်မှူးသန်းရွှေ(ငြိမ်း)၊ ကျောင်းအုပ်ကြီး/ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံသည် ၁၅-၅-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ် ကျောင်းဆင်းများ**
**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးသင်းရွှေ(ခ)ဦးဖစု (ချန်ပီယံဆန်ဆိုင်၊ ထားဝယ်မြို့)**

**အသက်(၇၃)နှစ်**

ထားဝယ်မြို့၊ ဈေးတောင်ဘက်လမ်း၊အမှတ် ၁၀၃၊ ခံဝင်းဒပ်ရပ်နေ(ဦးယုရှောင်-ဒေါ်ကျင်စီ)တို့၏သား၊ (ဦးအီပေါ-ဒေါ်စောရွှေ)တို့၏သားသမက်၊ ဒေါ်ဟန်ကြည်၏ခင်ပွန်း၊ ဦးသန်းလွင်-ဒေါ်ရှုကြည်၊ ဦးစစ်ကြည်-ဒေါ်မော်မော်လွင်၊ ဦးဆင်ဂွမ်-ဒေါ်ကြူကြူဝင်း၊ ဦးယုစိန်-ဒေါ်စန္ဒာမြင့်တို့၏အစ်ကို၊ ကိုသောင်းထွန်း-မယဉ်ယဉ်မြ၊ ကိုဇော်ဘိုဘိုဦး-မယဉ်ယဉ်လတ်၊ ကိုအောင်ဇော်ထွန်း-မဟန်မင်းစု၊ မသင်းသင်းစောတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ Block-C,1304 နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးသန့်ဇော်ဝင်း B.A (Law) LL.B**

**(Tyrell Winbaw)**

**အသက်(၆၂)နှစ်**

သူငယ်ချင်း ၁၆-၅-၂၀၁၅ရက် (စနေနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ-

**၁၉၇၄-၇၉ ဥပဒေပညာသူငယ်ချင်းများ**

---

**ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)**

**ဦးအေးမြင့် (ရာ-၁၀၆၈)**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊မြရတနာ ၅လမ်း၊ အမှတ် ၂၄၆နေ(ဒေါ်လှလှဦး)၏ခင်ပွန်းသည် ၁၈-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ အမှုဆောင်အဖွဲ့

---

**ဗိုလ်ကြီးလှဝင်းခိုင် (ငြိမ်း)**

**OTS-99**

**အသက်(၄၂)နှစ်**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်အလယ်ပိုင်း၊ သာယာအေးလမ်းနေ ဦးတင်လှ(J.A.T-ငြိမ်း)-ဒေါ်ကြင်မြိုင်(HA-ငြိမ်း)တို့၏တစ်ဦးတည်းသောသား၊ မယဉ်ယဉ်မြတ်(ပိတောက်မြိုင်ဈေး)၏မောင်၊ မတင်တင်မြတ်(သမာဓိ)၊ ဒေါက်တာအေးအေးခိုင်(EC, TU မိတ္ထီလာ)တို့၏အစ်ကိုသည် ၁၈-၅-၂၀၁၅ရက်တွင် ပေါင်မြို့၌ ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**မောင်မြတ်စိုးခိုင် B.A (History)**

**(Htoo Construction Development Group Co.,Ltd.)**

**အသက်(၂၅)နှစ်**

မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ အိန္ဒြာ ၉လမ်း၊ အမှတ် ၇၆၈နှင့် အမှတ် ၆/၈၅၊ ဓမ္မပါလလမ်း၊ တော်တိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်နေ ဦးသက်နိုင်-ဒေါ်ထားထားရီတို့၏သား၊ ဦးသိန်းထွန်း- ဒေါ်စန္ဒာဝင်းတို့၏သားသမက်၊ မအိမ့်မွန်စိုး(Cotto and Focus Enterprise Co.,Ltd)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းသိန်းထွန်း၊ မောင်ညီညီဇော်တို့၏အစ်ကို၊ ကိုကျော်စွာထွန်း-မဖြူဖြူသိမ့်တို့၏ညီ၊ မအိသွယ်စိုး၏အစ်ကိုသည် ၁၈-၅-၂၀၁၅ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်စောညွန့် (မိတ္ထီလာ)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ မြခွာညိုအိမ်ရာ၊ ဇေရာဝဏ် ၃လမ်း၊ အမှတ် ၆နေ (ဦးဘသိန်း-ဒေါ်ညိုပု)တို့၏သမီး၊ ဗိုလ်မှူးသန့်ဇင်(ငြိမ်း)-ဒေါ်ခင်မေဦး၊ (ဦးလှခိုင်)-ဒေါ်မိမိခိုင်၊ ဦးအောင်သူကို-ဒေါ်လင်းကြည်ဖြူသန့်တို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၆း၄၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဒေါ်တင်လှိုင်(နွားထိုးကြီးမြို့)**

**အသက်(၈၈)နှစ်**

နွားထိုးကြီးမြို့၊ (၁)ရပ်ကွက်နေ (ဦးအေးမောင် - ဒေါ်ခင်ညွန့်)တို့၏ သမီးကြီး၊ (ဦးဘထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ငြိမ်း)၏ဇနီး၊ ဦးအေးလွင်(စိုက်ပျိုးရေး)-ဒေါ်တင်တင်မြ (သဇင်ပုံနှိပ်တိုက်-၅)၊ ဦးကျော် - ဒေါ်နုနုရည် (အထက-၁၆၊ မန္တလေးမြို့)၊ ဦးမောင်မောင်-ဒေါ်သန်းသန်းငွေ (သဇင်ပုံနှိပ်တိုက်-၁)၊ ဒေါ်ဇင်မာထွေးတို့၏မိခင်၊ မြေးခုနစ်ယောက်၊မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် နွားထိုးကြီး မြို့မသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဒေါ်အုန်းမြင့်**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံ(တောင်)ရပ်ကွက်၊ အမှတ် ၂၉နေ(ဦးပုစူး-ဒေါ်အမာ)တို့၏သမီးကြီး၊ (ဦးယုကျန်-ဒေါ်ကင်မွှား)တို့၏ သမီးချွေးမ၊ ဦးဘန်စိန်၏ဇနီး၊ (ဦးချိန်ဆိုင်)-ဒေါ်စန်းကြူတို့၏ညီမ၊ (ဦးကိုကို)-ဒေါ်ရင်မွေး၊ (ဦးဝင်းထွန်း)-ဒေါ်ခင်ရီ၊ ဒေါ်ကျင်စီတို့၏အစ်မ၊ ဦးလှဦး-ဒေါ်သန်းရီ၊ (ဦးဝင်းနိုင်)-ဒေါ်ခင်အေးမူ၊ ဦးဇော်တိုး-ဒေါ်ဆွေဆွေနွယ်၊ ဦးမြင့်ဝင်း-ဒေါ်အေးအေးမော်တို့၏ချစ်လှစွာသောမိခင်၊ မမီမီမေဦး၊ မောင်လှမျိုးသူ-မကေဇင်လင်း၊ မောင်လှမျိုးထွန်း၊ မခိုင်ချယ်ရီဦး၊ မောင်တင်ထွန်းဦး၊ မဆုပြည့်စုံ၊ မောင်ဟိန်းခန့်ဇော်၊ မောင်အောင်ခန့်ကျော်၊ မဖြူလင်းနိုင်၊ မောင်ကျော်စိုးဝင်း၊ မောင်ကျော်စိုးလင်း၊ မောင်ရှင်းပြည့်လျှံတို့၏ အဘွားသည် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၅၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်လှလှစိုး**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ရေကူးတောင်ပိုင်းလမ်း၊ အမှတ် ၅၉နေ (ဒေါ်စိန်)၏တူမသမီး၊ (ဦးစိုးမြင့်) - ဒေါ်စိန်မေတို့၏သမီး၊ (ဦးထွန်းအေးဦး - ဒေါ်ခင်သီ)တို့၏ သမီးချွေးမ၊ (ဦးစံဖေ)-ဒေါ်ခင်ခင်စိုး၊ ဒေါ်တင်တင်စိုးတို့၏ညီမ(ဦးစိန်ဂွမ်း)၊ ဒေါ်သင်းသင်းစိုး၊ ဦးစောပိုးလွင်-ဒေါ်စီစီစိုး၊ (ဦးလှငွေး)၊ဦးတင်မောင်မောင်ဝင်း-ဒေါ်ဥမ္မာစိုး၊ ဦးကျော်မိုး-ဒေါ်မြင့်မြင့်အေး၊ ဦးကျော်ခိုင်ဦး-ဒေါ်အေးအေးထွေး၊ ဦးကြည်စိုးလင်း-ဒေါ်မိမိတို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်၊ ကိုမျိုးခိုင် - မခင်မိုးမိုးဦး၊ ကိုကျော်ကျော်လင်း၊ မစုလှိုင်အေး၊ မခင်သန္တာအေး၊ မောင်ပြည့်ဖြိုးအောင်တို့၏မိခင်၊ မပန်းပိုးဖြူ(ခ)ချစ်ချစ်တုန်၏အဘွား၊ ဦးတင်မောင်အေး(ခ)ဦးစိုးမိုး(ဦးစီးအရာရှိ၊ ငြိမ်း၊ စစစ)၏ဇနီးသည် ၁၈-၅-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးဝင်းမြင့်(ခ)ဦးဝမ်ကြည်**

**အသက်(၈၄)နှစ်**

ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာနေ(ဦးကယ်ကြောင်း-ဒေါ်မယ်ရီ)တို့၏သား၊ (ဦးသိန်း-ဒေါ်ကြင်နု)၊ ဦးဟုန်ဝမ်-ဒေါ်လှသိန်း၊ (ဦးတင်ဝင်း-ဒေါ်ကြင်ဥ)တို့၏အစ်ကို၊ ဦးသန်းစိုး-(ဒေါ်လဲ့လဲ့ဝင်း)၊ဦးအုန်းကျော်-ဒေါ်ရီရီမြင့်၊ မမော်မော်မြင့်၊ ကိုအောင်ကျော်မြင့်၊ ကိုအောင်ဆန်းမင်းတို့၏ ဖခင်၊ ကိုကျော်စွာထွန်း - မဝတ်ရည်သန်းစိုး၊ ကိုဇော်မင်းထွဋ်-မအိအိကျော်၊ မောင်ပြည့်စုံအောင်၊မအိမြတ်မွန်တို့၏အဘိုး၊ ဒေါ်မြကျင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၅-၂၀၁၅ရက်(တနင်္လာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်း၊နတ်လမ်း၊ ရေကန်၊ တရားကျောင်း ဒါယကာကြီး**

**ဦးအောင်သန်း (ဘိုကလေး)**

**အသက်(၈၂)နှစ်**

ဘိုကလေးမြို့နေ (ဦးစိန်-ဒေါ်ငွေစော)တို့၏သားငယ်၊ (ဦးခင်စိန်-ဒေါ်စိန်ဟံ)၊ ဦးမောင်အေး - (ဒေါ်လှ)၊ (ဦးအောင်သန်း) - ဒေါ်လှကြည်၊ (ဦးအုန်းလွင်) - ဒေါ်သန်းသန်းတို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၄၅ (ခြောက်လွှာ၊ ဝဲ-ယာ)နေ (ဦးစိန်လှ)-ဒေါ်ညွန့်ညွန့်၊ ဒေါ်စန်းစန်းတို့၏အစ်ကို၊ (ဒေါ်ခင်တင့်)၏ခင်ပွန်း၊ ဒေါ်တင်တင်အောင်၏ဖခင်၊ တူ/တူမ ၁၆ယောက်တို့၏ဦးလေးသည် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁း၂၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဟင်္ဂအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**Syama Daw Zam Za Dim**

**အသက်(၇၂)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ရွာနေ U Vum Khup-Daw Nuam Dim တို့၏သမီး၊ လောဖေရွာနေ U Kim Pau-Daw Ciang Khaw Cing တို့၏ချွေးမ၊ Rev. Pau Khan Cin Nang(Paupi)-Daw Man Lian Huai, Syama Cing Lun Dim-U Khup Khan Hau (U.S.A), U Khup Khawm Nang-Syama Zam Khan Dim (Australia), U Kang Cin Lian - Daw N.D Lumai (U.S.A) တို့၏မိခင်၊ မြေး ၁၂ယောက်တို့၏ အဘွား၊ယုဇနဥယျာဉ်မြို့တော်၊ ၃လမ်း (အေ)ဘလောက်၊ တိုက် ၁၇၊ အခန်း ၂၀၃ နေ Rev. David Thang Khaw Pau ၏ချစ်လှစွာသောဇနီးသည် ၁၉-၅-၂၀၁၅ရက် နံနက် ၇း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၁၅၂၊ စီးယင်းနှစ်ခြင်းအသင်းတော် ဘုရားကျောင်း၊ ဓမ္မနွေလဘုရားကျောင်းရှေ့တို့မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**ဦးခင်လွှမ်းဖုန်(ခ)**

**K အထိန်**

**အသက်(၆၅)နှစ်**

ဦးခင်လွှမ်းဖုန်-ဒေါ်ရယ်ဒမ်းဝမ်ဘူးတို့၏သားကြီး၊ ဒေါ်ရယ်ဒမ်းဝမ်ဂျာဘူ၏ခင်ပွန်း၊ မမေလတ်ဝင်၊ မစီစီထမ်း၊ (မဇီတာလေး)၊ မဇမီဆန်း၊ မဇမီခိုင်၊ မဇမီခ၊ မဇမီထမ်းတို့၏ဖခင်၊မြေး ၁၁ယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၁၅ရက် နံနက် ၉း၃၀နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက်တွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ရေဝေးသုသာန်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်းအမ**

**ဒေါ်တင်ပု**

**(ဇွဲကိုက်ရွာ၊ ကဝမြို့နယ်)**

**အသက်(၈၅)နှစ်**

သင်္ဃန်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဘောဂဝတီကျောင်းတိုက် ဆရာတော်ဦးကုမာရ၊ ဆရာတော် ဦးဝိစာရတို့၏မယ်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဇွဲကိုက်ရွာနေ ဦးစံညွှန့်၏ဇနီး၊ ဦးမြင့်စိန်-ဒေါ်စီစီဝင်း၊ (ဦးတင်ရှိန်)-ဒေါ်ခင်သင်းနိုင်၊ ဦးလွင်စိန်-ဒေါ်ယဉ်ညွှန့်၊ ဦးသိန်းလွင်-ဒေါ်ယဉ်ရွှေ၊ ဦးခင်ကျော်-ဒေါ်သန္တာဦးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဘောဂဝတီကျောင်းမှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ဘောဂဝတီကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

**ဒေါ်ကျင်လှ (မင်္ဂလာဈေး)**

**(ကျောင်းကုန်း၊ ဝက်ချောင်း)**

**အသက်(၈၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ ဝက်ချောင်းနေ (ဦးဘိုးသွင်-ဒေါ်သူ)တို့၏သမီး၊ ညောင်တုန်းမြို့၊ ၁၁လမ်းနေ (ဦးဘရှင်-ဒေါ်စောရီ)တို့၏သမီးချွေးမ၊ (ဦးအောင်သိန်း၊ လူဝင်မှုကြီးကြပ်ရေးမှူး)၏ဇနီး၊ ကိုရဲထွဋ်-မထွေးနီ၊ ကိုမောင်မောင်နိုင်-မမေမေသန်းတို့၏မိခင်ကြီး၊ မြေး သုံးယောက်တို့၏အဘွားသည် ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ် ၁၇၊ အခန်း ၁၁ နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးသန်းထွန်း**

**ကြီးကြပ်ရေးမှူး(ငြိမ်း)**

**မြန်မာ့မီးရထား**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ သင်္ဂဟလမ်း၊ အမှတ် ၃၀နေ ဒေါ်နုနုရီ(အလပြဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာစိုးညီညီထွန်း(Channel-7)၊ သဥ္ဇာထွန်း(Singapore)တို့၏ဖခင်၊ဦးမောင်ကြည်-ဒေါ်တင်ရှိန်တို့၏သား၊ ဦးသန်းမြင့်(Fujirama)၏ညီ၊ ဦးလှသန်း၊ ဦးသန်းဝင်း၊ ဒေါ်သန်းသန်းအေး၊ ဒေါ်သန်းသန်းငွေ၊ ဦးမြသန်းတို့၏အစ်ကိုသည် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဦးဟန်မြင့်**

**တောအုပ်ကြီး(ငြိမ်း)**

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ရေနံချောင်းမြို့**

**အသက်(၅၅)နှစ်**

ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာနေ (ဦးချစ်လှိုင်-ဒေါ်ပု)-ဒေါ်တင်ရီတို့၏သားကြီး၊ ဘောနီကျေးရွာနေ ဦးသန်းလွင် - ဒေါ်မြင့်မြင့်နွယ်၊ ဦးထွန်းသိန်း-ဒေါ်သန်းဆွေ၊ ဦးနိုင်ဇော်ထွန်း၊ ကိုခင်မောင်ကျော်-မသိန်းသိန်းဝင်း၊ ကိုမျိုးသက်ထွန်း-မခင်မာနွယ်တို့၏အစ်ကိုကြီး၊ ကိုသက်ဝင်း-မခင်စန္ဒီ၊ မမေသဲဆု(အထက-၂၊ ညောင်လေးပင်)တို့၏ဖခင်၊ အောင်သက်ပိုင်၊ သစ်ထူးခန့်တို့၏အဘိုး၊ (ဒေါ်မိမိတင်)၏ခင်ပွန်းသည် ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက်တွင် ဇ/၁၀၁၊ ကန်ဦးကျောင်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး ဆွေးနွေး

စာမျက်နှာ-၆

## ခရီးသွားလုပ်ငန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်

စာမျက်နှာ-၈

# ပင်လယ်တွင်းလှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား မောင်တောမြို့နယ် မြင်းလွှတ်ချောင်းပေါက်ဝမှ စက်လှေဖြင့် ပြန်လည်စေလွှတ်

**စစ်တွေ မေ ၁၉**

မောင်တောမြို့နယ် ဥဒေါင်း(အနောက်)ရွာအနီး ကံပူးချောင်းပုစွန်ကန်ရှိ တဲအတွင်း၌ ပင်လယ်တွင်း လှေစီး ဒုက္ခသည်များ ရေမျောကမ်းတင်ပြီး ရောက်ရှိနေကြောင်း ဥဒေါင်း(အနောက်)ရွာမှ သတင်းပေးချက်အရ နယ်မြေခံ ရဲကင်းစခန်းမှ ဒုရဲအုပ် မျိုးမင်းဇော်ဦးစီးအဖွဲ့သည် သွားရောက်စစ်ဆေးခဲ့ရာ မေ ၁၇ ရက် နံနက် ၇ နာရီခွဲခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၁ ဦးအား စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါဘင်္ဂလားဒေ့ရှ်နိုင်ငံသားများမှာ မာမတ်ရှော်အီအုလ်(ဘ) မာမတ်ရီဇော်မော်ရိန် (၁၈နှစ်)၊ ရှော်လမီဒေါ်လီရွာ၊ ဒါကာမြို့၊ မူဟာမတ်အီစ္စလာမ်(ဘ)အာလီမော်ဒါန်ကမာလီ(၃၈နှစ်)၊ ရှော်ကော်ရီဘတ်ရွာ၊ ဂျိုက်ကူဟတ်မြို့၊ ရှာမာဟိန်(ဘ)မိုဟာမတ်မိုလ်လောင်မီယာ (၂၈နှစ်)၊ ဂါလံပူရွာ ဒါကာမြို့၊ မိုဟာမတ်ဆော်မိုရ်ဒုစ်အီစ္စလာမ်(ဘ) မိုဟာမတ်အာလီမူလာ(၂၀နှစ်)၊ မာတီကော်ရာရွာ၊ ရှာရှာမြို့၊ မိုဟာမတ်ဖာရစ်(ဘ) ရှော်လီအာမတ် (၂၇နှစ်)၊ အာရော်လီရွာ၊ စစ်တကောင်းမြို့၊ မိုဟာမတ်မူဆာ(ဘ) ရူလ်မိုရှီဟာမန် (၁၉ နှစ်)၊ ဂေါ်ဂူဒါရာရွာ၊ စစ်တကောင်းမြို့၊ မိုဟာမတ်အီစ္စမိုင်ဟူဆောင်း (ဘ) မိုဟာမတ်ဆာစုတ်(၁၂နှစ်)၊ ရှာမီတာနီရွာ၊ ရာရှိတ်မြို့၊ မိုဟာမတ်ရီဘဲရှော်ဒါ(ဘ) မိုဟာမတ်ဆာဒါရန်(၁၉နှစ်)၊ ဗယ်ကာလီရွာ ခိုန်လန်မြို့၊ မိုဟာမတ်ရှော်ရှိန်မော်ရိန် (ဘ) မိုဟာမတ်ဆာဒါရန် (၁၉နှစ်)၊ ဗယ်ကာလီရွာ၊ ရာရှိန်းမြို့၊ လာဒူလ်(ဘ) အဒူလာလီ (၃၀နှစ်)၊ မိုလာန်ပူရွာ ဒါကာမြို့နှင့် မိုဟာမတ်မော်ဇွန်ဘီရှာ (ဘ) မော်ရှော်ဂီရီလီလန် (၁၇နှစ်) နော်ဂေါဟာလီရွာ ခိုန်လန်မြို့တွင် နေထိုင်သူများဖြစ်ကြသည်။

၎င်းတို့၏ ထွက်ဆိုချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားမြို့ဆိပ်ကမ်းမှ မလေးရှားနိုင်ငံသို့ ထွက်ခွာမည့် ပင်လယ်ပြင်ရှိသင်္ဘောပေါ်သို့ စက်လှေဖြင့်တစ်ဦးချင်းစီ သွားရောက်ခဲ့ကြကြောင်း၊ ၎င်းသင်္ဘောပေါ်၌မလေးရှားနိုင်ငံသို့ ထွက်ခွာရန် စောင့်ဆိုင်းနေစဉ်မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန်အဆင်မပြေတော့သဖြင့် နေရပ်ပြန်ပို့မည်ဟုပြောဆိုကာ မေ ၁၅ ရက် ည ၈ နာရီခန့်တွင် သင်္ဘောပေါ်မှစက်လှေဖြင့် ပို့ဆောင်ခဲ့ကြောင်း၊ ၎င်းစက်လှေသည် အလယ်သံကျော်ချောင်းဝအနီးပင်လယ်ရေ အနက်ခုနစ်ပေခန့်သို့ ရောက်ရှိစဉ် ခုန်ဆင်းခိုင်းရာမှရေမျောကမ်းတင်ပြီးရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း စိစစ်သိရှိရသည်။

နယ်မြေခံရဲတပ်ဖွဲ့သည် မြင်းလွှတ်ကျေးရွာ အုပ်ချုပ်ရေးတာဝန်ခံ နော်ဇီရာမောက်အဖွဲ့နှင့်အတူ ၎င်းဘင်္ဂလားဒေ့ရှ် နိုင်ငံသားများအား မောင်တောခရိုင်လဝကထံသို့ ပို့ဆောင်လွှဲပြောင်းပေးခဲ့ရာ မောင်တောခရိုင်လဝကမှ တာဝန်ရှိသူများအနေဖြင့် လိုအပ်သောစိစစ်မှုများ ထပ်မံပြုလုပ်ပြီး ၎င်းတို့အား မေ ၁၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် မောင်တောမြို့နယ် မြင်းလွှတ်ချောင်းပေါက်ဝမှ မြင်းလွှတ်(အနောက်) ရွာနေ ရော်ဟီးမူလာ မောင်းနှင်သောငါးဖမ်းစက်လှေဖြင့် ၎င်းတို့လာရောက်ခဲ့သည့် လမ်းကြောင်းအတိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)



မန္တလေးမြို့ ၂၉ လမ်းနှင့် ၇၃ လမ်းကြား လမ်းမတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းမပေါ်ရေများလျှံတက်နေစဉ်။

# မန္တလေး၌ မိုးအဆက်မပြတ်ရွာ ရေကြီးရေလျှံမှုဖြစ်ပေါ်

**မန္တလေး မေ ၁၉**

မန္တလေးမြို့တော်အတွင်း မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေတချောင်းမြောင်း၊ ငွေတချောင်းမြောင်း၊ တက်မျော်ချောင်းနှင့် ရပ်ကွက်လမ်းအချို့၌ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အချိန်မီရှင်းလင်းဆယ်ယူလျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနမှ ဌာနမှူး ဦးနေဝင်းမြင့်က ပြောသည်။

"မနေ့ကတည်းက ကျွန်တော်တို့ သန့်ရှင်းရေးလုပ်သားတွေ မြို့ရဲ့ အဓိကစီးဆင်းနေတဲ့ ရွှေတချောင်းမြောင်းကိုစက်အား၊ လူအားနဲ့ရှင်းလင်းခဲ့ပါတယ်။ တစ်ညလုံးလည်း မိုးကအဆက်မပြတ်ရွာတာကြောင့် ဒီမနက်မှာပဲ ရွှေတချောင်းမြောင်းလျှံတဲ့အတွက် ရပ်ကွက်တွေ ရေမဝင်ဖို့၊ လမ်းတွေရေမတင်ဖို့အတွက် သဲအိတ်တွေချပေးခဲ့ပါတယ်။ ဒါ့အပြင် မြို့တွင်းဖြတ်သန်းစီးဆင်းနေတဲ့ ရေနုတ်မြောင်းတွေကို ရေစီးရေလာကောင်းဖို့ မြောင်းဆယ်ဝန်ထမ်းတွေနဲ့ ဆယ်ယူလျက်ရှိသလို ရပ်ကွက်အလိုက် ရေနုတ်မြောင်းတွေကိုလည်း ဆယ်ယူရှင်းလင်းလျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၂ *

# အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲအဆင့်(၅) နေရာအတွက် မြန်မာနှင့်ဂျပန် ယှဉ်ပြိုင်ရမည်

**နေပြည်တော် မေ ၁၉**

သတင်း-ရဲရင့်ရှိန်း
ဓာတ်ပုံ-စိုင်းညီလေး

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ပထမအကြိမ် အာရှယူ -၂၃ ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းမှာ အဆင့်(၅)နေရာလုပွဲကို ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

မြန်မာအသင်းမှာ ကွာတားအဆင့်တွင် ရှုံးနိမ့်ခဲ့သောကြောင့် အဆင့်(၅/၈) နေရာလုပွဲအတွက် ထိုင်းအသင်းနှင့် ပြန်လည်ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးပွဲပြတ်ဖြင့်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းမှာ ထိုင်းအသင်းကို ၂၅-၂၃ မှတ်၊ ၂၅-၂၀ မှတ်၊ ၂၅-၂၂ မှတ်ဖြင့် သုံးပွဲပြတ်အနိုင်ရခဲ့ပြီး အခြားပွဲစဉ်တွင်လည်း ဂျပန်အသင်းက အိန္ဒိယအသင်းကို သုံးပွဲပြတ်အနိုင်ရရှိခဲ့သည်။ နိုင်ပွဲများ ရယူနိုင်ခဲ့သည့် မြန်မာအသင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ❀



မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။


**CLAIMS DAY NOTICE**

**M.V CITY OF MUMBAI VOY:NO(19)**

Consignees of cargo carried by M.V CITY OF MUMBAI VOY:NO(19) are here by notified that the vessel will arrive on about 22-5-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


**မြစ်ဝကျွန်းပေါ်ဒေသ မိုးပိုလာနိုင်**

မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ် ဒေသများတွင် မိုးပိုလာနိုင်သည်။

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

ကမ္ဘာ့အဖိုးတန်သစ်မွှေး
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးပင်များ လိုသလောက်ပြန် ရှိပေးနေပါသည်။
ဝင်းသစ်မွှေး 09-5117226

ကြယ်ပဲ Sacha Inchi
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
မျိုးစေ့ပျိုးပင်များ လိုသလောက်ပြန် ရှိပေးနေပါသည်။
ဝင်း 01-501812, 09-5117226

# စွယ်တော် စီးတီး အိမ်ရာ

## မင်္ဂလာဒုံမြို့နယ်






- ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ သီရိရတနာ လက်လီလက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။



- မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေကေ (၃၀)ပေါ်တွင် တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။
- ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ ခေတ်မီ Post -Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီးအဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိပါမည်။




900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms

- အဆောက်အဦတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System, CCTV, Fire protection & Fire alarm system,Back up Generator systemများ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်းUnder ground cable များ ကိုသာအသုံးပြုသွားပါမည်။
- ရေကူးကန်များ၊စားသောက်ဆိုင်၊ Fitness center ၊ SPA၊ Steam၊ Sauna၊ Jacuzzi၊ Convenience Store ပါဝင်သော Clubhouse တစ်ခုနှင့် ကလေးကစားကွင်း၊ လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ ခန်းမများ ပါဝင်ပါမည်။



- (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့်အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။







**(တစ်)ပေပတ်လည်လျှင် ကျပ် ၇၅,၀၀၀ မှစ၍ ရောင်းချပေးနေပါသည်။**

**Early Register Now!**

ဆက်သွယ်ရန် - ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ် (၂၄၅)၊ဗားကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။ ဖုန်း ၀၉-၇၉၇၃၃၂၂၁၁၊ ၀၉-၇၉၉၃၃၂၂၁၁၊ ၀၉-၇၉၇၂၂၁၁၃၃၊ ၀၉-၇၉၉၂၂၁၁၃၃

# အတိုးပေးရန်မလို ၁၀နှစ်

## ငွေချေစနစ်ဖြင့်

## သိန်း ( ၁၀၀၀ ) ကျော်တန်

မေ(၂၆)၊(၂၇)၊ Junction Square ရောင်းမှာနော်

Developer iGREEN ပိုင် လှိုင်မြို့နယ် မြေ(၁)ကေ ပေါ်တွင်ဆောက်မည့်

Royal Thukha CONDOMINIUM

ဦးဆုံးဝယ်သော ( ၁၀၀ ) ခန်းတွက် ဝယ်ခွန် ကို DEVELOPER iGREEN မှတာဝန်ယူပေးမည်။

ကျပ်သိန်း(၃၀)ယူလာမှ အခန်းရဖို့ သေချာမယ်နော်

အိမ်ထောင်(၁)စုလျှင်(၁)ခန်းသာရောင်းမည်၊ မှတ်ပုံတင်၊သန်း ခေါင်စာရင်းမိတ္တူ ပါမှရောင်းမည်။


Developed By
iGREEN
Royal Thukha
CONDOMINIUM
2016 တွင်စဆောက်ပြီး 2019 တွင်အခန်းအပ်မည်
12'-11"
3'-6"
5'-4"
11'-10"
16'-9"
10'-9"
12'-11"
7'-7"
7'-5"
5'-6"
17'-9" [5410.20mm]
4'-3"
6'-0"
10'-0"
6'-2"
5'-0"
10'-8"
45'-0" [13716.51mm]
လစဉ် ၈ သိန်းခန့်
ပေးရုံဖြင့်အခန်း
ပိုင်နိုင်မည့်
အခွင့်အရေး
(၁)ခန်းချွင်
ကားပါကင်(၁)နေရာရမည်
SWIMMING POOL & GYM , FUNCTION HALL
SHOW ROOM
82/A ၊ ကျိုက်ဝိုင်းဘုရားလမ်း၊
မရမ်းကုန်း၊ Junction (8) ရှေ့။
OFFICE
30 ၊ ဘုရင့်နောင်လမ်း၊ လှိုင်
ရှောင်းဝဘုန်းကြီးကျောင်းအနီး။
www.igreen-construction.com
iGREEN-CONSTRUCTION


သီရိရတနာ
လက်လီလက္ကားဈေး နှင့်
အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်း
သုဝဏ္ဏလမ်း မြောက်ဥက္ကလာပမြို့နယ်
စတင်ဖွင့်လှစ်နေပါပြီ
ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဆိုင်များ၊ ယာဉ်နှင့် ယာဉ်အပိုပစ္စည်းဆိုင်များ
လယ်ယာသုံးစက်ကိရိယာပစ္စည်းဆိုင်များ ၊ လျှပ်စစ်နှင့်ကုန်မာပစ္စည်းဆိုင်များ နှင့်
ဘဏ်များ စတင်ဖွင့်လှစ် ရောင်းချနေပါပြီ။
SHWE AUNG NAING
ALUMINIUM EMPIRE
ALUMINIUM PROFILE & COMPOSITE PANEL SALE CENTRE
PROVEN
TOYO
CALTEX
BESC
缅甸贝斯特工贸实业有限公司
MYANMAR BEST INDUSTRIAL&TRADING CO.,LTD
科旺集团
အေးချမ်းမွန်
TRISTAR